မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၀၀)

ဓမ္မစရိယာစ ဧတံ မင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းပါးအညွှန်း

ဒီမိုကရေစီစနစ်တွင် ပြည်သူသည် အရှင်သခင်ဖြစ်သည်။ ပြည်သူ၏ဆန္ဒသည် အခရာကျသည်။ ပြည်သူ၏အဆုံးအဖြတ်သည်သာလျှင် အတည်ဖြစ်သည်။ အများစုဖြစ်သော ပြည်သူ၏ အဆုံးအဖြတ်ကို လက်ခံသဘောတူလိုက်နာလုပ်ဆောင်ရခြင်းသည် ဒီမိုကရေစီစနစ်၏ အင်မတန်အခြေခံကျလှသော၊ အင်မတန်ရိုးရှင်းလှသော၊ လူတိုင်းသိနားလည်သော ကျင့်စဉ်ပင်ဖြစ်သည်။

လူသစ်၏ဆောင်းပါး စာ-၆ တွင် ဖတ်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာကဏ္ဍ ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍထူးချွန်ဆုချီးမြှင့်ပွဲတွင် တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဒုတိယဆုရ တွံတေးမြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ငါးပြေမကျေးရွာ ဒဂုံတံတားချဉ်းကပ်လမ်းအနီး ယာယီမဏ္ဍပ်၌ ကျင်းပသည့် ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်ပွဲ၊ တိုင်းအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၏အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ မင်းရွာအနီး တည်ဆောက်ဖွင့်လှစ်လိုက်သော မင်းကန်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်နှင့် ရေသိုလှောင်ထားရှိမှုကို ဤသို့တွေ့ရသည်။

သတင်းဆောင်းပါး - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)တို့၏ ဆောင်းပါး စာ-၈ တွင်ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၃၁ ရက်)

လေဘေးသင့်ပြည်သူများ လူမှုစီးပွားဘဝ တည်ငြိမ်တိုးတက်ဖွံ့ဖြိုးရေး တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေ

မြန်မာနိုင်ငံတွင် လွန်ခဲ့သော မေလ၂ရက်နှင့်၃ရက်က ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသအချို့၌ ပြည်သူများ၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံခဲ့ရသည်။

နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များက လေဘေးကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသော ပြည်သူများအတွက် မြို့ကွက်များဖော်ထုတ်ကာ အခိုင်အမာနေအိမ်များ ဆောက်လုပ်ပြီး နေရာချထားပေးသကဲ့သို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ဒေသခံတောင်သူလယ်သမားကြီးများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နိုင်ရေးအတွက် မျိုးစပါးနှင့် လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးပေးခဲ့၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေကြပြီ ဖြစ်သည်။ ထို့ပြင် စိုက်ကေများပြည့်မီစေရေးအတွက် လက်တွန်းထွန်စက်များ စက်စွမ်းအား ပြည့် ထွန်ယက်နိုင်ရန် တာဝန်ရှိသူများက ကြပ်မတ်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းအနှံ့တွင် မိုးစပါးလျာထားချက် အပြည့်အဝစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ယခင်နှစ် စပါးအထွက်နှုန်း ရရှိရေးအတွက်လည်း အထွက်နှုန်းကောင်းမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးသွားမည်ဟု သိရသည်။

လေဘေးသင့်ပြည်သူများ နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်တိုကာလအတွင်း လုပ်ဆောင်ပေးခဲ့ပြီး မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများက မိမိတို့လူမှုစီးပွားဘဝ မြင့်မားလာရေး အားထုတ်ကြိုးပမ်းကြရမည် ဖြစ်သည်။

နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက လေဘေးသင့်ဒေသများ၌ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်တည်ငြိမ် တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် အင်းစိန်မြို့နယ် ကမ်းနားအလယ်လှိုင်မြစ်လမ်း အမှတ်၄၄၄နေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးဝင်းမြင့်၊ ဒေါ်စမ်းစမ်း(လေးသုံးလုံးစတိုး)မိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးဘချိုတို့က လက်ခံယူကြသည်။

(အောက်ပုံ) (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၃၁-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၁၇)
၆း၄၅ ၁၄။ လှျပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ**(အပိုင်း-၁)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **အဘိဓမ္မာ သဒ္ဒါမြတ်ကျမ်းစာ (၂)**
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၃၆)

လေဘေးသင့်ဒေသ စိုက်ပျိုးရန် သခွားမျိုးစေ့များလှူဒါန်းပွဲ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်လက်ခံ

ရန်ကုန် ဇူလိုင် ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ မေခလာခန်းမ၌ အလှူရှင်Metro Seed Agricultural Co., Ltd. နှင့် BIG M Group Services Co.,Ltd. တို့က လေဘေးသင့်ဒေသများ၌ စိုက်ပျိုးရန် ငွေကျပ်သိန်း၂၂၀ တန်ဖိုးရှိ သခွားမျိုးစေ့ကီလို၁၁၀ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဝန်ကြီးက လက်ခံပြီး**(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမထဝိပဿနာ ဓမ္မဒါနအထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မသုခပရိယတ္တိစာသင်တိုက်၌ ၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့ (ဩဂုတ် ၁ရက်) သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ၂နာရီအထိတစ်ကြိမ် ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇာတ (သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သဒ္ဓမ္မသံဃိက နိဗ္ဗာန်ဆုကျောင်းဒါယကာ ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့က သမထဝိပဿနာ ဓမ္မဒါန အထူးတရားပွဲကို ဟောပြောပြသမည်ဖြစ်ရာ ဓမ္မယောဂီသူတော်စင်များ ကြွရောက်နာယူကြရန် ကျောင်းတိုက်သာသနရက္ခိတအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးလွင်(ငြိမ်း)-ဒေါ်အေးမြင့်လတ်၊ သမီး ဒေါက်တာဆုမြတ်ရွှေစင်၊ ဒေါက်တာဆုလဒ်ရတနာ၊ သား ဒေါက်တာကောင်းခန့်ကျော် မိသားစုက ဒေါက်တာဆုမြတ်ရွှေစင်(ခေတ္တ-ဂျာမနီ)၏ မွေးနေ့အလှူအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀နှင့် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်း လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၃၀

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D) အမှူးပြုသော သံဃာတော်များအား သဲကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘေလီတံတားအနီး သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာ့ဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)
(ဆင်မြီးဆွဲ၊ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ ဝက်ပုတ်)
ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

သဲကုန်းမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် အလှူငွေပါဝင်လှူဒါန်းလိုသူများသည် နာယက ဦးအောင်မြို့ ဖုန်း-၆၄၁၁၅၇၊ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၅၁-၁၃၅၈၇၊ ဒုတိယဥက္ကဋ္ဌဦးသန်းလွင် ဖုန်း-၀၉-၅၀-၂၀၈၃၅၊ အတွင်းရေးမှူး ဦးဝမ်းမြင့် ဖုန်း-၀၉-၅၀-၂၈၃၉၅နှင့် စာရင်းစစ် ဦးဇော်ဝင်း ဖုန်း-၅၉၀၂၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့သိန်းအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။

ကောင်းသောစိတ်သည်သာလျှင် ချမ်းသာသုခကို ပေးစွမ်းနိုင်၏

လောကီ၊ လောကုတ္တရာနှစ်ဖြာသော သုခချမ်းသာမျိုးကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။

ကောင်းစွာစောင့်ရှောက်၊ ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘ၊ ဆွေမျိုးတို့ထက် ပိုမို၍ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်၏။

(ဓမ္မပဒ - ၄၄)

● ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင် လေး ခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန် ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကောက်စိုက်ပြိုင်ပွဲဝင် အသင်းများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူ များတက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာ စကားပြောကြားရာတွင် ယခုအချိန်သည် နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် လူမှုရေး အသင်းအဖွဲ့များအားလုံး တက်ညီ လက်ညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးကို ကြိုးပမ်းအားထုတ်နေချိန် တွင် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ တိုးတက်အောင်မြင်ရေးသည် အထူးပင် အရေးကြီးကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်(၄)ရပ်တွင် တစ်ရပ်အပါအဝင် ဖြစ်သည့် "စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး"ဟု ချမှတ်ပေးထားခြင်းကြောင့် လယ်ယာကဏ္ဍ သည် အရေးပါဆုံး ကဏ္ဍကြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၌ လည်း စပါးသီးနှံသည် စိုက်ဧကအများဆုံး ဖြစ်ပြီး နိုင်ငံ၏ အဓိက ရိက္ခာသီးနှံ၊ တစ်နည်းအားဖြင့် National Crop အမျိုးသားရေး သီးနှံလည်းဖြစ်ကြောင်း။

စိုက်ပျိုးပြီးစီး

ယခုနှစ် ရန်ကုန်တိုင်း၌ မိုးစပါး စိုက်ဧက ၁၂သိန်း လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ စုစုပေါင်း ၁၁၁၉၄၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၉၃ ဒသမ ၂၉ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်း အတွင်း ရေကြီးကွင်း၊ ရေနက်ကွင်း၊ သဲဆန်ကုန်းကြော ဆားငန်ရေဝင်သည့် ဒေသများ၌ ကျန်ရှိနေသော စိုက်ခင်း အချို့တွင် မိုးစပါးဆက်လက်စိုက်ပျိုး နေဆဲဖြစ်သည်ကလွဲ၍ ရေတော်မိုးတော် ကွင်းများသည် လျာထားဧက ၈၉၄၈၄၆ ဧကအနက် ၈၉၄၈၅၂ ဧကအထိ စိုက်ပျိုး ပြီးစီးခဲ့ခြင်းကြောင့် ယခုကဲ့သို့ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ ကျင်းပ နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

မိမိတို့နိုင်ငံ၌လည်း နှစ်စဉ်တိုးတက် လာသည့် လူဦးရေများအတွက် ကြိုတင် တွက်ချက်ပြီး သီးနှံစိုက် ဧရိယာများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ် သကဲ့သို့ အထွက်နှုန်းတိုးတက်လာရေးကို လည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပန်းတိုင် အထွက်နှုန်းများ သတ်မှတ်ပေးခဲ့ပြီး ရည်မှန်း ချက် အထွက်နှုန်းများ ရရှိအောင် သီးနှံ အလိုက် မျိုးကောင်း မျိုးသန့် ပြောင်းလဲ စိုက်ပျိုးရေးနှင့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးဆောင်ရွက်သွားကြရန် လမ်းညွှန် မှာကြားထားကြောင်း။

နိုင်ငံတော် အကြီးအကဲက လယ်ယာ ထွက်ကုန်များ တိုးတက် ထုတ်လုပ်နိုင်ရန် အတွက် စပါးအပါအဝင် အဓိက သီးနှံ ၁၀မျိုးကို ပန်းတိုင် အထွက်နှုန်းများ သတ်မှတ်ပေးပြီး ရည်မှန်းချက် အထွက်နှုန်း များရရှိအောင် နည်းလမ်း လေးသွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားထားကြောင်း၊ သတ်မှတ်ပေးထား သည့် ပန်းတိုင်အထွက်နှုန်းမှာစပါးတစ်ဧက တင်း ၁၀၀ထွက်ရှိရေး ဖြစ်ကြောင်း။

ပြောင်းလဲစိုက်ပျိုး

ထို့ကြောင့် ရန်ကုန်တိုင်း အနေဖြင့် စပါးပန်းတိုင် အထွက်နှုန်း တင်း၁၀၀ ရရှိရေးကို ရေတော်မိုးတော် ဧရိယာများမှ ဆောင်ရွက်သွားရန် လိုအပ်သလို တစ်ဧက တင်း၁၀၀ကျော် ထွက်ရှိနိုင်သည့် ဆင်းသွယ်လတ်၊ ဆင်းနွယ်ရင် မျိုးများကို တိုးချဲ့ ပြောင်းလဲ စိုက်ပျိုးသွားရန် လိုအပ်ကြောင်း။

"ကောက်ကွက် ပြည့်မီရေးသည် ကောက်စိုက်လုံမေများ၏ လက်ဝယ်တွင် ရှိသည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စိုက်ခင်းထဲတွင် သတ်မှတ် ကောက်ကွက် အတိုင်း ပြည့်မီရေးသည် အရေးကြီး ကြောင်း၊တစ်ဧကသတ်မှတ် ကောက်ကွက် ပြည့်မီမှသာ တစ်ဧက ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ကာ တောင်သူလယ်သမား လယ်သမားများက တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် စက်ပစ္စည်း ကူညီ ပံ့ပိုးမှုများ၊ နည်းပညာ ကူညီပံ့ပိုးမှုများ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လယ်ယာသုံး စက်ကိရိယာများဖြစ်သည့် လယ်ယာ(၁၆)၊ လယ်ယာ(၂၂) လက်တွန်း ထွန်စက်များ၊ စပါးရိတ်စက်၊ တိုက်ရိုက် မျိုးစေ့ချစက်များ၊ စပါးအခြောက်ခံစက်၊ ခြွေလှေ့စက် စသည့် စက်ကိရိယာများကို လည်း တောင်သူများ ကိုယ်ပိုင်ဝယ်ယူ သုံးစွဲနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း။

လယ်ယာသုံး စက်ကိရိယာသုံးစွဲရန် အရေးပါသည့် စက်သုံးဆီကိစ္စရပ်များကို များ တစ်ဦးချင်းဝင်ငွေ တိုးတက်မည် ဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ လယ်ကွင်းထဲသို့ ငါးမျိုးများ စိုက်ထည့်ပေးကြစဉ်။ (သတင်းစဉ်)

စီမံဆောင်ရွက်

ယင်းသို့ တစ်ဖက်ကလည်း အထွက် နှုန်းတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ စိုက်ဧရိယာများလည်း တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက် ဧကတိုးတက်အောင် ဆောင်ရွက်သည့် နည်းလမ်းတစ်ခုအနေဖြင့် စပါးတစ်မိုး နှစ်သီးစိုက်ပျိုးရေးကို စီမံဆောင်ရွက်သွား ရန်လိုအပ်ကြောင်း၊ ယခုနှစ်တွင် တစ်မိုး နှစ်သီး ပထမစပါးအဖြစ် စိုက်ပျိုးခဲ့သည့် မြေ ၂၆၀၃၃ဧကကို ဒုတိယစပါးပြန်လည် စိုက်ပျိုးနိုင်ရန် လာမည့်ဩဂုတ်လအတွင်း ပျိုးခင်းများ အပြီးပျိုးထောင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် တိုက်တွန်း ပြောကြားလိုကြောင်း။

နွေစပါးစိုက်ပျိုးကြသည့် လယ်သမား များအတွက် စိုက်ပျိုးရေအပြည့်အဝ ရရှိ စေရန် ရန်ကုန်တိုင်းအတွင်း ရေလှောင် တမံ ကိုးခုနှင့် လျှပ်စစ်မြစ်ရေတင် စီမံကိန်း လုပ်ငန်း ၂၂ ခုဖြင့် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဆက်လက်ပြီး လျှပ်စစ် မြစ်ရေတင်လုပ်ငန်းအသစ် သုံးခုကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင် ရွက်ပေးလျက်ရှိကြောင်း။

စက်မှုလယ်ယာ

စီးပွားရေးဦးတည်ချက် (၄)ရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် "ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟူသော ဆောင်ပုဒ်နှင့် အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာ စနစ်သို့ ကူးပြောင်းရေးကို ဦးတည်ဆောင် ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာ သုံး စက်ကိရိယာများကို တောင်သူ လည်း အလျှဉ်းသင့်၍ အသိပေးပြောကြား လိုကြောင်း။

၎င်းမှာ ဇီဝလောင်စာဆီရရှိမည့် ကြက်ဆူပင်စိုက်ပျိုးရေးပင်ဖြစ်ကြောင်း။

စံပြစိုက်ခင်း

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် ချက်နှင့်အညီ ရန်ကုန်တိုင်းအတွင်း ဇီဝ လောင်စာဆီထုတ်ယူရရှိနိုင်သည့် ခြစ်ညည်းရိုး ကြက်ဆူပင်ကို ယခုနှစ်တွင် ဧကတစ်သိန်း စိုက်ပျိုးရန် လျာထားသတ်မှတ်ပေးခဲ့ပြီး ဖြစ်၍ ရည်မှန်းချက်ပြည့်မီအောင် တစ်အုပ် တစ်မ စံပြစိုက်ခင်းများ စိုက်ပျိုးသွားကြ ရန် မှာကြားလိုကြောင်း။

ရန်ကုန်တိုင်းသည် စီးပွားရေး တိုင်းကြီးတစ်တိုင်း ဖြစ်သည့်အတွက် စီမံကိန်းများအောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားသည်။

အစီရင်ခံစာပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ထံ ရန်ကုန်တိုင်း၏ ၂၀၀၈- ၂၀၀၉ခုနှစ် ရေတော်မိုးတော်စပါး ကွင်း ပိတ်ပွဲ အစီရင်ခံစာများကို ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသိန်းနိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်း အောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မြင့်တို့က ပေးအပ်ကြသည်။

ထို့နောက် ဒိုင်ချုပ် တိုင်းမြေစာရင်း ဦးစီးဌာနမှူးဦးကြင်ထွန်းက ပြိုင်ပွဲအမှတ် ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် တိုင်း အဆင့် ကောက်စိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေး လိုက်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် လယ်ကွင်းထဲသို့ ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနား သို့ တက်ရောက်ကြပြီး လယ်ကွင်းထဲသို့ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်းကောင်ရေ ၂၅၀၀၀ကို စိုက်ထည့်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် ခရိုင်ကိုယ်စားပြု ကောက်စိုက်လုံမေအဖွဲ့ များက အဖွဲ့လိုက် ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပန်းတိုင် အထွက်နှုန်းစိုက်ခင်းနှင့် ဆင်းသွယ်လတ်၊ မနောသုခ၊ ကျော်ဇေယျ၊ ရေမာင်း၊ ဆင်း သွယ်ရင်၊ ရတနာအောင်၊ သီးထပ်ရင်နှင့် ရွှေမြန်မာ စံပြစပါးစိုက်ခင်းများ၊ နွားချေး ဆွေး၊ တီကျစ်စာ၊ သစ်ရွက်ဆွေးနှင့် အီအမ် ဘိုကာရှီမြေဩဇာ အသုံးပြုစပါးစိုက်ခင်း များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြ သည်။

ပြခန်းများ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံတံတား ချဉ်းကပ်လမ်းအနီး၌ ပြသထားသော ခြေနင်းရေတင်စက်နှင့် ရန်ကုန်တိုင်း စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန၊ ရန်ကုန် တိုင်း စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆက်သွယ် ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့ လယ်ယာသုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း တို့၏ ပြခန်းများအားလည်းကောင်း၊ မြန်မာ့ ဩဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်၊ မာလာ မြိုင် စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်၊ ဝွတ် ဘရားသားကုမ္ပဏီလီမိတက်၊ စွမ်းအား စက်မှုလက်မှု၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဂျီဂျီအီးသဘာဝမြေဩဇာနှင့် ရန်ကုန် တောင်ပိုင်းခရိုင် ဂျီအီးစီအထူးအရောင်း ဆိုင် စသည့် အရောင်းဆိုင်များအား လည်း ကောင်း လှည့်လည် ကြည့်ရှုအားပေး ကြသည်။

ထို့နောက် ယာယီမဏ္ဍပ်၌ ဆုပေးပွဲကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ် ထူးချွန် ဆုရ တိုက်ကြီးမြို့နယ်၊ ၂၀၀၇-၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိုးစပါး သီးနှံစိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆုရ လှည်းကူးမြို့နယ် ဘားလားကျေးရွာမှ ဦးသောင်းဝင်း၊ ၂၀၀၇- ၂၀၀၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ နေ့တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နိုင်ငံတော် အဆင့် ထူးချွန်လယ်သမားဆုရ ခရမ်း မြို့နယ် ပေါက်ပင်ကျေးရွာမှ ဦးဘကြိုင် နှင့် ၂၀၀၇-၂၀၀၈ ရန်ကုန်တိုင်း နေကြာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန်လယ်သမား ဆုရ သုံးခွမြို့နယ် ပတုတ်ကျေးရွာမှ ဦးတင်ကြီးတို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ထူးချွန်ဆု

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရ ကျောက်တန်းမြို့နယ်၊ ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန် ဆုရ တိုက်ကြီးမြို့နယ်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထူးချွန် ဆုရသုံးခွမြို့နယ်တို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မိုးစပါးချေးငွေ ပေးဆပ်နိုင်မှု မြို့နယ်ထူးချွန် ပထမဆုရ ကျောက်တန်း မြို့နယ်၊ ဒုတိယဆုရ သုံးခွမြို့နယ်၊ တတိယ ဆုရ ခရမ်းမြို့နယ်နှင့် နွေစပါးချေးငွေ ပေးဆပ်နိုင်မှုဆုရ လှည်းကူးမြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး က စပါးခင်းများအတွင်း ငါးမျိုးစိုက် ထည့်မှုစွမ်းဆောင်ရည် အမြင့်မားဆုံး မြို့နယ် ထူးချွန်ပထမဆုရ တိုက်ကြီး မြို့နယ်၊ ဒုတိယဆုရ တွံတေးမြို့နယ်နှင့် တတိယဆုရ ထန်းတပင်မြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

စွမ်းရည်ပြိုင်ပွဲဆု

ထို့နောက် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲဆုများကို ချီးမြှင့်ရာ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသိန်းနိုင်က နှစ်သိမ့်ဆု (၂)ရ ဒဂုံမြို့သစ် မြို့နယ်များနှင့် နှစ်သိမ့်ဆု (၁)ရ မှော်ဘီမြို့နယ်တို့အား ဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ရေဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က တတိယဆုရ လှည်းကူးမြို့နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တိုင်းအဆင့် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲ ဒုတိယဆုရ တွံတေးမြို့နယ် အသင်းနှင့် ပထမဆုရ သန်လျင်မြို့နယ် အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ အခမ်းအနားတွင် စိတ်ရောကိုယ်ပါ ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြ သော ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီ များအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးလှစိုးတို့က ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

ပိဋကတ်သုံးပုံစာအုပ်များလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘိုတွတ်အုပ်စု၊ မြစ်ပေါက်အုပ်စု၊ မောင်ငယ် အုပ်စုရှိ လေဘေးဒဏ်ခံကြရသော ကျောင်းများ၌ ပျက်စီးဆုံးရှုံးသွားသော ပိဋကတ် သုံးပုံစာအုပ်များ လှူဒါန်းမည်ဖြစ်ရာ အလှူရှင်ကမ္ဘည်းထိုးပြီး ပိဋကတ်သုံးပုံ တစ်စုံ လျှင် ကျပ်တစ်သိန်းရှစ်သောင်းနှုန်းဖြင့် မည်သူမဆို ဦးနာရဒ(ဘိုတွတ်) ပုညသီရိ အောင်ချမ်းသာကျောင်းတိုက် ကမာရွတ်ဘူတာရုံလမ်း (၅)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၀၃၃နှင့် ၀၉-၈၅၇၅၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဇင်ဘာဘွေအာဏာရပါတီနှင့် အတိုက်အခံတို့ ဆွေးနွေးပွဲ ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေဟု ပြောကြား

ကိတ်တောင်း ဇူလိုင် ၃၀

ဇင်ဘာဘွေအာဏာရ ဇာနု-ပီအက်ဖ်ပါတီနှင့် မိမိတို့ အတိုက်အခံအမ်ဒီစီပါတီတို့၏ သမိုင်းဝင်ဆွေးနွေးပွဲမှာ ရှေ့မတိုးသာနောက်မဆုတ်သာ ဖြစ်နေကြောင်း အမ်ဒီစီ သတင်းရပ်ကွက်က ပြောကြားသည်။

အမ်ဒီစီခေါင်းဆောင် ရှန်ဂီရိုင်းအား ဇင်ဘာဘွေနိုင်ငံ၏ တတိယသမ္မတခန့်အပ်ရန် သမ္မတရောဘတ်မူဂါဘီ၏ ပါတီက အတင်းအကျပ်တိုက်တွန်းနေမှုကြောင့် နှစ်ဖက်မပြေမလည် ဖြစ်ကောင်းဖြစ်မည်ဟု ပြောကြားသည်။

ကြုံတောင့်ကြုံခဲ

ယင်းသို့ တတိယသမ္မတအဖြစ် ရှန်ဂီရိုင်းအား ခန့်အပ်ရန် စီစဉ်ခြင်းမှာ စော်ကားခြင်းဖြစ်သည်ဟု အမ်ဒီစီသတင်းရပ်ကွက်က ပြောကြားလိုက်သည်။ ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီနှင့် အတိုက်အခံခေါင်းဆောင် မော်ဂန်ရှန်ဂီရိုင်းတို့နှစ်ဦး ကြုံတောင့်ကြုံခဲတွေ့ဆုံပြီးနောက် တောင်အာဖရိကနိုင်ငံ၌ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။

အတိအကျ

ဆွေးနွေးပွဲမှာ ရပ်ဆိုင်းလိုက်သည် သို့မဟုတ် နားသည်ဆိုခြင်းကို အတိအကျမသိရသော်လည်း သမ္မတမူဂါဘီ၏ စေ့စပ်ရေးသမားများသည် ဇူလိုင်၂၈ရက်က ဇင်ဘာဘွေသို့ ပြန်ကြရန်စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ (အင်တာနက်)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၃၀

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၃၀ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၁°C	လေပြင်းတိုက်
တောင်ကိုရီးယား	ဆိုးလ်	၂၉°C	မိုးရွာ
ဂျပန်	တိုကျို	၃၁°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၃°C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	သာယာ
စင်ကာပူ	စင်ကာပူ	၃၂°C	တိမ်ထူထပ်
အိန္ဒိယ	မွမ်ဘိုင်း	၃၀°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၅°C	သာယာ
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၇°C	သာယာ

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်သန်း၇၀ခန့်က ဒိုင်နိုဆော

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုကာယာမာမြို့တွင် မကြာမီက ရှာဖွေတွေ့ရှိခဲ့သည့် ဒိုင်နိုဆောသတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းကျောက်ဖြစ် ရုပ်ကြွင်းမှာ သုတေသနပညာရှင်များ၏ လေ့လာချက်အရ လွန်ခဲ့သောနှစ်သန်းပေါင်း ၇၀ခန့်က အသက်ရှင် နေထိုင်ခဲ့သည့် ဒိုင်နိုဆောတစ်ကောင်၏ရုပ်ကြွင်းဖြစ်ကြောင်း (ဝဲပုံ) သိရသည်။ (အင်တာနက်ဓာတ်ပုံ)

ကြိုးတန်းပေါ် စက်ဘီးစီးပြနိုင်သူ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဇူလိုင် ၂၉ရက်က ကာလို့စ်ဆာထရီ အမည်ရှိ အမျိုးသားတစ်ဦးက အမြင့်ပေ၇၀ရှိသော ကြိုးတန်းပေါ်မှ စက်ဘီးစီးနင်းပြီး ဖြတ်သန်းပြသခဲ့ရာ (ယာပုံ) ကြိုးတန်းပေါ်၌ စက်ဘီးစီးပြနိုင်သူအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်ရဲအရာရှိဟောင်း လူသေအောင်စစ်ဆေးမှုဖြင့် တရားရင်ဆိုင်ရ

ဝါရှင်တန် ဇူလိုင် ၃၀

အမေရိကန်ရဲအရာရှိတစ်ဦးက မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် မသင်္ကာဖွယ်လူမည်းလူငယ်တစ်ဦးအား ဖမ်းဆီးပြီး လျှပ်စစ်ရှော့ရိုက်သဖြင့် သေဆုံးသွားမှုကြောင့် ထိုရဲအရာရှိမှာ ရာဇဝတ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း လူဝီစီးယားနားပြည်နယ် အစိုးရရှေ့နေ ခရစ်နေမီက ဇူလိုင် ၂၈ရက်တွင် ပြောကြားသည်။

မသင်္ကာ၍ဖမ်းဆီး

၄င်းအမှုမှာ နယူးအော်လင်းမြို့ ဂင်းပါရစ်ခရိုင်တွင် ယခုနှစ် ဇန်နဝါရီ ၁၇ရက်က ဘာရွန်ပိုက်(၂၁နှစ်)အား ရဲအရာရှိ စကော့နူဂျင့်က မသင်္ကာ၍ဖမ်းဆီးပြီး လက်ထိပ်ခတ်ကာ လျှပ်စစ်ရှော့ကိုးကြိမ်ရိုက်ရာမှ ဘာရွန်ပိုက် သေဆုံးသွားမှုဖြစ်သည်။

ဘာရွန်ပိုက်သေဆုံးရခြင်းမှာ လူသတ်မှုဖြစ်ကြောင်း သေမှု၊ သေခင်း စစ်ဆေးရေးအရာရှိ ဝီလျံက ထွက်ဆိုသည်။ ရဲအရာရှိ စကော့နူဂျင့်ကို မေလက အလုပ်မှဖြုတ်ပစ်ခဲ့ပြီး ဖြစ်သည်။

အမှုကို အထူးခုံရုံးသို့ အစိုးရရှေ့နေက တင်သွင်းထားပြီးဖြစ်သည်။ ဩဂုတ်၁၂ရက်တွင် စတင်ကြားနာစစ်ဆေးမည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သံမဏိစက်ရုံ မီးလောင်

ဂျပန် နိုင်ငံ အနောက် တောင်ပိုင်း ဖူကူကာမြို့ရှိ နီပွန် သံမဏိစက်ရုံ မီးလောင်မှု ဖြစ်ပွားနေသည်ကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၃၀-၇-၂၀၀၈

ဘရာဇီး၌ နွမ်းပါးသူများအား ပညာသင်ကြားရေးထောက်ပံ့

ရီယိုဒီဂျနေးရိုး ဇူလိုင် ၃၀

ဘရာဇီးအစိုးရ၏ လူမှုရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆင်းရဲနွမ်းပါးသည့် မိသားစုများအနေဖြင့် သက်မွေးပညာရပ်များ သင်ကြားနိုင်ရန် လာမည့်စက်တင်ဘာလ၌ ဘရာဇီးနိုင်ငံသား ၁၈၅၀၀၀မှာ ထောက်ပံ့ငွေများ ရရှိကြမည်ဖြစ်ကြောင်း၊ ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ယင်းအစီအစဉ်ကို ၂၀၀၃ခုနှစ်မှစတင်ကာ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးအစိုးရအဖွဲ့က ဇူလိုင် ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်၌ ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံး

လန်ဒန် ဇူလိုင် ၃၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် နိုင်ငံစုံတပ်ဖွဲ့နှင့် တာလီဘန် အကြမ်းဖက်တပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၀၁ခုနှစ် နိုဝင်ဘာလမှစတင်၍ ယခုအချိန်အထိ အာဖဂန်နစ္စတန် နိုင်ငံအတွင်း သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်အရေအတွက်မှာ ၁၁၃ဦးရှိသွားပြီ ဖြစ်ကြောင်း ဗြိတိသျှ ကာကွယ်ရေး ဝန်ကြီးဌာနက ဇူလိုင် ၂၉ရက်၌ သတင်းထုတ်ပြန်သည်။

သီရိလင်္ကာ၌ တိုက်ခိုက်မှုဖြစ်ပွား

ကိုလံဘို ဇူလိုင် ၃၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ပိုင်း၌ ဇူလိုင်၂၆ရက်မှ စတင်ကာ ၁၀ရက်ကြာ ကျင်းပသည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ရာဒေသ၌ တမီးလ်ကျားသူပုန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သီရိလင်္ကာ တပ်ဖွဲ့ဝင် ၃၀ သေဆုံးခဲ့သည်။

ဂျကာတာမြို့ ဘူတာရုံ၌ ဗုံးတွေ့ရှိ

ဂျကာတာ ဇူလိုင် ၃၀

အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင်၂၉ရက် နံနက်ပိုင်းက ဂျကာတာမြို့မှ မိုင် ၁၄၀ကွာဝေးသည့် အနောက်ဂျာဗားမြို့သို့ ထွက်ခွာမည့် ရထားတစ်စင်းအောက်၌ လျှို့ဝှက်စွာထောင်ထားသည့် မိုင်းဗုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် ရှာဖွေတွေ့ရှိခဲ့သည်။ ဂျတီဘာရန် ဘူတာရုံတွင် ယင်းတွေ့ရှိမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

နိုင်ဂါရေလက်ကြား၌ ရေနံလုပ်သား ပြန်ပေးဆွဲခံရ

အဘူဂျာ ဇူလိုင် ၃၀

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂါရေလက်ကြားဒေသ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ရုရှားရေနံလုပ်သား ငါးဦး ပြန်ပေးဆွဲခံရပြီးနောက် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ အဆိုပါဒေသ၌ စီးပွားရေးသမားများ၊ နိုင်ငံရေးသမားများနှင့် နိုင်ငံရပ်ခြားအလုပ်သမားများအား မကြာခဏပြန်ပေးဆွဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဇူလိုင်၂၈ရက်က ပြည်နယ်လုံခြုံရေးအဖွဲ့ရုံးမှ ပြောကြားသည်။

အိတ်ချ်အိုင်ဗွီ ကုသရေး နီပေါဆေးရုံသုံးရုံ၌ စတင်

ခတ္တမန္ဒူ ဇူလိုင် ၃၀

နီပေါနိုင်ငံအတွင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအနေဖြင့် နိုင်ငံအတွင်းရှိ ဆေးရုံသုံးရုံ၌ အိတ်ချ်အိုင်ဗွီရောဂါ ခံစားနေရသူများအား ကျန်းမာရေးပြုစု စောင့်ရှောက်ရေး စီမံကိန်းတစ်ရပ်ကို ဇူလိုင် ၂၉ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နီပေါ ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လူသေခြောက်လောင်း ဘရာဇီး၌တွေ့ရှိ

ဘရာဆီးလီးယား ဇူလိုင် ၃၀

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း မီနာ့စ်ဂီရေးစ်ပြည်နယ်ရှိ မီးရထားလမ်းအနီးတွင် မီးလောင်ခံထားရသည့် လူသေခြောက်လောင်းကို ရဲတပ်ဖွဲ့က ဇူလိုင် ၂၉ ရက်က တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူအားလုံး၏ လက်များတွင် ကြိုးတုပ်ထားပြီး အသက်၁၇နှစ်မှ ၂၂နှစ်အတွင်းရှိ ယောကျ်ားလေးများဖြစ်ကြောင်း၊သေဆုံးမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဂျော်ဒန်နယ်စပ်ဒေသ၌ အမြန်မီးရထားလမ်းဖောက်လုပ်မည်

အမ္မန် ဇူလိုင် ၃၀

ဂျော်ဒန်နိုင်ငံ၌ အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်တစ်လျှောက် ၄င်းနိုင်ငံ၏ မြောက်ပိုင်းနှင့်တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်ပိုင်း နယ်ခြားဒေသများ၌ အမြန်မီးရထားလမ်း ဖောက်လုပ်မှုစီမံကိန်းကို အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ဘီလီယံ ကုန်ကျခံကာ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဇူလိုင်၂၇ရက်က ဂျော်ဒန်တိုင်းမ် သတင်းစာ၌ ဖော်ပြသည်။

သွားလာနိုင်

အဆိုပါ ရထားလမ်း ဖောက်လုပ်မှု စီမံကိန်း၌ ဆီးရီးယားနယ်စပ်တစ်လျှောက် မြောက်မှတောင်သို့ ဖောက်လုပ်ခြင်းနှင့် အရှေ့မှအနောက်သို့ဖောက်လုပ်ရာ အီရတ်နှင့်ဆော်ဒီအာရေဗျ နယ်စပ်တစ်လျှောက် ဖြတ်သန်း ဖောက်လုပ်မည်ဖြစ်သည်။ ၄င်း မီးရထားလမ်း ဖောက်လုပ်ပြီးစီးပါက ကုန်တင်ရထား မောင်းနှင်နိုင်မှု တစ်နာရီ ကီလိုမီတာ ၁၂၀ဖြစ်ပြီး ခရီးသည်တင် ရထား မြန်နှုန်းမှာ တစ်နာရီကီလိုမီတာ ၁၆၀နှုန်းဖြင့် ခုတ်မောင်းသွားလာနိုင်မည် ဖြစ်သည်။

စတင်ဆောင်ရွက်

၄င်းလုပ်ငန်းစီမံကိန်းကို ၂၀၁၃ခုနှစ်၌ အပြီးသတ် ဆောင်ရွက်မည်ဖြစ်ပြီး မီးရထားလမ်း ဖောက်လုပ်မှု ပြီးစီးသွားပါက အီရတ်နိုင်ငံနှင့် ရေနံပိုက်လိုင်းသွယ်တန်းမှု စီမံကိန်း စတင်ဆောင်ရွက်မည်ဖြစ်သည်။ (အင်တာနက်)

ဟန်ကျိုးမြို့၌ အိုလံပစ်လာဘ်ကောင်လေးများလုပ်နေသည်ကို ဇူလိုင် ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပေကျင်းအိုလံပစ်အထိမ်းအမှတ်ရုပ်တု အသက်၇၄နှစ်အရွယ် အဘိုးအိုပြုလုပ်

ပေကျင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် ဟန်ကျိုးမြို့တွင်နေထိုင်သူ အသက်၇၄နှစ်အရွယ် အဘိုးအိုရှန်ယူရန်မှာ ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ် ငါးရုပ်နှင့် ငှက်သိုက်ကြီးဟု လူသိများသည့် အမျိုးသားအားကစားရုံပုံတူကို ရောင်စုံစက္ကူများအသုံးပြုကာ ကိုယ်တိုင်ပြုလုပ် ဖန်တီးခဲ့ကြောင်း ဇူလိုင် ၂၉ရက်က အင်တာနက်သတင်း၌ ပါရှိသည်။ အမျိုးသားအားကစားရုံပုံတူအတွက် ရောင်စုံစက္ကူ ၄၀၀၀နှင့် လာဘ်ကောင်ရုပ် ငါးရုပ်အတွက် ရောင်စုံစက္ကူ ၁၀၀၀၀ကျော်ကို အသုံးပြုခဲ့ကြောင်း ရှန်ယူရန်က ပြောကြားသည်။

(အင်တာနက်)

စိတ်ဖိစီးမှုနှင့် အိပ်ရေးပျက်များခဲ့ပါလျှင် အမျိုးသားများ သွေးချို၊ ဆီးချိုဖြစ်ပွားနိုင်

အင်တာနက် ကျန်းမာရေး



စိုးရိမ်သောကများခြင်း၊ စိတ်ဖိစီးမှုနှင့် အိပ်ရေးပျက်ခြင်းတို့များပါက ဆီးချို၊ သွေးချိုရောဂါများ ဖြစ်ပွားမှုများကြောင်း ဆွီဒင်သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ သတိပေးဖော်ပြလိုက်သည်။

စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုများသော အမျိုးသားများမှာမူ ဆီးချိုရောဂါဖြစ်ပွားရန် အခွင့်အလမ်း နှစ်ဆပိုမိုများပြားကြောင်း၊ သို့ရာတွင် စိတ်ဖိစီးမှုရှိသော အမျိုးသမီးများ၌မူ ထိုရောဂါလက္ခဏာမတွေ့ရကြောင်း သိရသည်။

မတွေ့ရှိရ

ထို့အတူ စိုးရိမ်လွန်တတ်သူများနှင့် အိပ်ရေးပျက်လွန်းသူများသည်လည်း ဆီးချိုဖြစ်ရန် ရာခိုင်နှုန်းများကြောင်း၊ သုတေသနပြုချက်အရ အမျိုးသမီး ၃၁၀၀နှင့်အမျိုးသား ၂၁၂၇ဦးတို့ကို အချိန်ယူလေ့လာခဲ့ရာ အမျိုးသားများ၌သာ ဆီးချိုရောဂါဖြစ်သူများပြားကြောင်း၊ အမျိုးသမီးများမှာ အဆိုပါရောဂါလက္ခဏာများမတွေ့ရှိရကြောင်း သိရသည်။

ယခုကဲ့သို့ဖြစ်ရခြင်းမှာ စိုးရိမ်စိတ်များပြီး ဦးနှောက်အတွင်း နာ့ဗ်ကြောများ သာမန်ထက်နှေးကွေးစွာ လှုပ်ရှားမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဥပဒေ ပြောင်းလဲ

ဆစ်ဒနီ ဇူလိုင် ၃၀

ဩစတြေးလျနိုင်ငံသို့ လာရောက်ခိုလှုံရန် ကြိုးပမ်းသူများအား ထောင်ချသည့် မူဝါဒဥပဒေကို ဩစတြေးလျအစိုးရသစ်က စွန့်လွှတ်လိုက်ပြီဟု ဇူလိုင် ၃၀ရက်၌ မီဒီယာများက ဖော်ပြသည်။

ပြောင်းလဲ

ခိုးဝင်လာသူများအား လူသူမနီးသည့် ကျွန်းများတွင် ပေးပို့ချုပ်နှောင်သည့် လူဝင်မှုကြီးကြပ်ရေး မူဝါဒကို ယခုအခါ မတတ်သာသည့်အဆုံးမှ ကျင့်သုံးမည်ဟု လူဝင်မှုကြီးကြပ်ရေး နည်းဥပဒေကို ပြောင်းလဲလိုက်သည်။

ကလေးသူငယ်များဆိုလျှင် ဖမ်းဆီးချုပ်နှောင်ခြင်းမပြုရတော့ဟု ဆိုသည်။ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ယင်းလုပ်ရပ်ကို လူ့အခွင့်အရေးဆိုင်ရာ အုပ်စုများက ကြိုဆိုကြသည်။

ဝေဖန်ပြစ်တင်

နိုင်ငံအတွင်းသို့ ခိုလှုံရန် ကြိုးပမ်းသူများအား ပစိဖိတ်ကျွန်းများ၌ နှစ်ရှည်လများ ဖမ်းဆီးချုပ်နှောင်ထားမှုကို ဝန်ကြီးချုပ်ဟောင်းဝပ်က ကျင့်သုံးခဲ့သည့်အတွက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကဲ့သို့သော အဖွဲ့များက ဝေဖန်ပြစ်တင်ခဲ့သည်။ **(အင်တာနက်)**

ဘဝအမောပြေ

အပြောင်းအလဲကြောင့်ပါ ...

ယာဉ်မတော်တဆဖြစ်ဖူးသူ အမျိုးသမီးတစ်ဦးသည် လန်ဒန်မြို့အတွင်းသို့ တက္ကစီဖြင့်သွားရန် ကားငှားလျက်ရှိရာ ကားအသစ်ဖြစ်မှု၊ ယာဉ်မောင်းစိတ်ချရသူဖြစ်မဖြစ် ကြည့်ရှုပြီးမှ စိတ်တိုင်းကျသော တက္ကစီတစ်စီးကို ငှားကာသွားလေသည်။

အမျိုးသမီး ။ ။ ကားကို ဂရုစိုက်မောင်းပေးပါ။

ယာဉ်မောင်း ။ ။ ဟုတ်ကဲ့…ဟုပြောကြားပြီး ရှေ့မှကားတစ်စီးကို ကျော်တက်ရန် ကြိုးစားစဉ် တစ်ဖက်မှလာသော ကားနှင့်တိုက်မိမလို ဖြစ်သွားရာ…

အမျိုးသမီး ။ ။ ဖြည်းဖြည်းပဲမောင်းပါ… အကုန်ဒုက္ခရောက်နေဦးမယ်။

ယာဉ်မောင်း ။ ။ ဟုတ်ကဲ့…စိတ်ချပါ…ဟု နောက်ဘက်လှည့်ပြီးပြောလိုက်ရာ လမ်းဘေးသို့ ကားဦးတည်သွားသဖြင့် အမျိုးသမီးမှာ ရင်မနေရသည်။

အမျိုးသမီး ။ ။ သတိထားပြီးမောင်းပါလို့ ပြောနေသားနဲ့ ရှင်ကားမောင်းတာ မကျွမ်းကျင်ဘူးလား။

ယာဉ်မောင်း ။ ။ ကျွမ်းကျင်ပါတယ်… အသုဘယာဉ်ကို ၂၅နှစ်မောင်းလာပြီး ဒီနေ့မှ ဒီကားကို ပြောင်းမောင်းတာမို့ပါ။

အမျိုးသမီး ။ ။ **"ဟယ်"**

စီးပွားရေးဖွံ့ဖြိုးလာသည့် လစ်သူယေးနီးယားသမ္မတနိုင်ငံ

သတင်းအက်ဆေး

လစ်သူယေးနီးယားသမ္မတနိုင်ငံသည် အရှေ့မြောက်ဥရောပဘော်လ်တစ်ပင်လယ် အရှေ့တောင်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဘော်လ်တစ်သမ္မတနိုင်ငံ သုံးနိုင်ငံတွင်အကြီးဆုံးနှင့် တောင်ဘက်ဆုံး သမ္မတနိုင်ငံဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး လွတ်လပ်ရေးရလာသော ဤနိုင်ငံသည် ၂၀၀၄ခုနှစ် မတ်လတွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ဝင်ဖြစ်လာသည်။ ၂၀၀၄ ခုနှစ်မေလတွင် ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင်ဖြစ်လာခြင်းမှာ ထိုအတောအတွင်း ဒုတိယအကြိမ် သမိုင်းအကွေ့အပြောင်းဖြစ်သည်။ မဝေးလှသည့် ဆိုဗီယက်ခေတ်ကဆိုလျှင် ထိုသို့ပြောင်းလဲမည်ဟု စဉ်းစားရန် ခက်ခဲပေလိမ့်မည်။

အထူးအာရုံစိုက်

အီးယူနှင့် နေတိုးအဖွဲ့က ဘော်လ်တစ်သမ္မတနိုင်ငံသုံးခုအပါအဝင် အရှေ့ဘက်သို့ တိုးချဲ့လာခြင်းကို ရုရှားကစိုးရိမ်သည်။ နိုင်ငံခြားနယ်မြေများ ဝန်းရံထားသည့် ရုရှား၏ ကာလီနင်ဂရက်နှင့် နယ်ချင်းဆက်နေသော လစ်သူယေးနီးယားသမ္မတနိုင်ငံအပေါ် ရုရှားက အထူးအာရုံစိုက်သည်။

ပထမကမ္ဘာစစ်ကြီးဖြစ်ပွားစဉ် ၁၉၁၅ခုနှစ်က လစ်သူယေးနီးယားနိုင်ငံကို ဂျာမန်တပ်များသိမ်းခဲ့သည်။ ၁၉၁၈ခုနှစ်တွင် လစ်သူယေးနီးယား ခေါင်းဆောင်များက လွတ်လပ်ရေးကြေညာသည်။ ၁၉၂၆ခုနှစ်တွင် လက်ဝဲအုပ်စုက ရွေးကောက်ပွဲအနိုင်ရပြီးနောက် စစ်တပ်အကူအညီဖြင့် အမျိုးသားရေးဝါဒီ ခမက်တိုနာက အာဏာသိမ်းသည်။ ၁၉၃၉ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုက ဤနိုင်ငံတွင် ဆိုဗီယက်တပ်စခန်းများချထားသည်။ ၁၉၄၀ ပြည့်နှစ်တွင် ခမက်တိုနာထွက်ပြေးရသည်။ လစ်သူယေးနီးယားနိုင်ငံကိုလည်း ဆိုဗီယက်ပြည်ထောင်စုအတွင်း ထည့်သွင်းလိုက်သည်။ ထောင်ပေါင်းများစွာသော လစ်သူယေးနီးယားပြည်သူများ ဆိုက်ဘေးရီးယားသို့ အပို့ခံရသည်။ ၁၉၄၁ခုနှစ်တွင် နာဇီများဆိုဗီယက်ပြည်ထောင်စုကို ကျူးကျော်ပြီး လစ်သူယေးနီးယားကို သိမ်းပိုက်သည်။ ၁၉၄၄ ခုနှစ်တွင် တပ်နီတော်တပ်များ ပြန်ရောက်လာသည်။ ၁၉၈၈ခုနှစ်တွင် စာရေးဆရာများနှင့် အသိပညာရှင်များက လစ်သူယေးနီးယား ပြန်လည်တည်ဆောက်ရေး လှုပ်ရှားမှုအဖွဲ့ (ဆာဂျူဒစ်ပါတီ)ကိုထူထောင်သည်။ ဆိုဗီယက် ပြည်ထောင်စုက မတရားသိမ်းပိုက်ခြင်းဖြစ်ကြောင်း ကြေညာသည်။ လစ်သူယေးနီးယား ကွန်မြူနစ်ပါတီခေါင်းဆောင် ဆွန်ဂါလာအားဖယ်ရှားပြီး အယ်ဂါဒတ်ဘရာဇော့စကတ်အား အစားထိုးခန့်ထားသည်။ လစ်သူယေးနီးယား ကွန်မြူနစ်ပါတီက ဆိုဗီယက်ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီး လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးကို ထောက်ခံကြောင်း ကြေညာသည်။

ဒဏ်ရာရ

၁၉၉၀ပြည့်နှစ် ပါလီမန်ရွေးကောက်ပွဲတွင် ဆာဂျူဒစ်ပါတီက အနိုင်ရပြီး ခေါင်းဆောင် လန်စဘာဂျစ်အား လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ဆိုဗီယက်ပြည်ထောင်စုက လောင်စာဆီပေးပို့မှု ရပ်ဆိုင်းကာ စီးပွားရေးအခက်အခဲတွေ့အောင် ပိတ်ပင်လိုက်သည်။ ထိုအခါ လွတ်လပ်ရေးဆိုင်းငံ့ထားရန် လစ်သူယေးနီးယားက သဘောတူရသည်။ ၁၉၉၁ခုနှစ်တွင် ရုရှားအစိုးရနှင့် ဆွေးနွေးပွဲလည်း တိုးတက်မှုမရှိ၊ စီးပွားရေးလည်း ဝရုန်းသုန်းကားကြုံရသဖြင့် လွတ်လပ်ရေးကြေညာမှု ဆိုင်းငံ့ထား၍မရတော့ပေ။ ရုရှားတပ်များက ဗီလ်နီးယပ်မြို့တွင် အရပ်သားများအား ပစ်သဖြင့် ၁၃ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရသွားသည်။

စာချုပ်ချုပ်

၁၉၉၁ခုနှစ် စက်တင်ဘာလတွင် လစ်သူယေးနီးယားလွတ်လပ်ရေးကို ဆိုဗီယက်ပြည်ထောင်စုက အသိအမှတ်ပြုသည်။ လစ်သူယေးနီးယားနိုင်ငံက ကုလသမဂ္ဂနှင့် အိုအက်စ်စီအီးအဖွဲ့သို့ဝင်သည်။ ၁၉၉၂ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က သမ္မတရာထူး ပြဋ္ဌာန်းသည်။ ၁၉၉၃ခုနှစ်တွင် ဘရာဇော့စကတ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ဆိုဗီယက်

တပ်များ ရုပ်သိမ်းပြီးစီးသည်။ ၁၉၉၄ခုနှစ်တွင် ပိုလန်နှင့် ချစ်ကြည်ရေးစာချုပ်ချုပ်သည်။

ရွေးချယ်တင်မြှောက်

၁၉၉၆ ခုနှစ်တွင် ဘဏ်လုပ်ငန်းနှစ်ခုပျက်စီးပြီး ဝန်ကြီးချုပ် ဆလီဇီဗီးရှပ်ရာထူးမှ ဖယ်ရှားခံရသည်။ ရွေးကောက်ပွဲ ကျင်းပပြီး ညွန့်ပေါင်းအစိုးရတက်လာသည်။ ၁၉၉၇ခုနှစ်တွင် သမ္မတ ဘရာဇော့စကတ် ရုရှားသို့ သွားရောက်သည်။ နယ်ခြားစာချုပ်၊ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုရရှိသည်။ ၁၉၉၈ခုနှစ်တွင် အဒမ်ကတ်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၀ပြည့် ရွေးကောက်ပွဲတွင် လက်ယာဗဟို ညွန့်ပေါင်းအစိုးရ တက်လာသည်။ ၂၀၀၁ ခုနှစ် ဇူလိုင်လတွင် ညွန့်ပေါင်းအစိုးရ ပြုတ်ကျပြီး ဘရာဇော့စကတ် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အဖွဲ့ဝင်နိုင်ငံဖြစ်လာ

၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် ရိုလန်ဒတ်ပက်ဆပ်သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၄ခုနှစ်တွင် သမ္မတပက်ဆပ်အနေဖြင့် ရုရှားရာဇဝတ်ဂိုဏ်းနှင့် ဆက်သွယ်မှုကြောင့် နိုင်ငံတော်လုံခြုံရေးခြိမ်းခြောက်မှုဖြင့် ၄င်းအား ရာထူးမှဖယ်ရှားလိုက်သည်။ ထိုနှစ်မတ်လတွင် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ထိုနှစ်မေလတွင် အီးယူအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြန်သည်။

၂၀၀၄ခုနှစ် ဇွန်လတွင် အဒမ်ကတ်အား သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်သည်။ ထိုနှစ် အောက်တိုဘာအထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ညွန့်ပေါင်းအစိုးရသစ်တွင် ဘရာဇော့စကတ်ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်သည်။ ၂၀၀၆ခုနှစ်မေလနှင့်ဇူလိုင်လတွင် ညွန့်ပေါင်းအစိုးရအဖွဲ့မှ လေဘာပါတီနုတ်ထွက်ပြီးနောက် ဝန်ကြီးချုပ် ဘရာဇော့စကတ် ရာထူးမှနုတ်ထွက်သည်။ ဝန်ကြီးချုပ်ရာထူးတွင် ဂျယ်ဒီမိုင်းနတ်ကာကီလပ်အား ခန့်ထားလိုက်သည်။

ကိုးကွယ်

ဤနိုင်ငံ၏သမိုင်းမှာ အနောက်တောင်ဘက် အိမ်နီးချင်းပိုလန်နိုင်ငံနှင့် ဆက်စပ်လျက်ရှိသည်။ ဆိုဗီယက်အုပ်ချုပ်မှုလက်အောက်တွင် နှစ်ပေါင်းကြာစွာ နေခဲ့ရသော်လည်း ဤနိုင်ငံတွင် ရပ်ပွားဆင်းတု ကိုးကွယ်သည့် အစဉ်အလာသည် ရာစုနှစ်ပေါင်းများစွာ အမြစ်တွယ်ကပ်သည့်အားလျော်စွာ ယခုတိုင်လည်း ရှိဆဲဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခိုင်မာလျက်ရှိသည်ဟု တွေ့ရသည်။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

နိုင်ငံတကာသတင်း

စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝဒဿနအမြင်

⁕ ***He who finds elevated and lofty pleasure in the feeling of poetry is a true poet, though he never composed a line of verse in his entire lifetime.***

ကဗျာရသကို စူးစူးနင့်နင့်ခံစားနိုင်သူသည် သူ၏ ဘဝတစ်လျှောက်လုံး၌ ကဗျာစာကြောင်းတစ်ကြောင်းကိုပင် စပ်ဆိုဖူးခြင်းမရှိသော်ငြားလည်း သူသည်ကဗျာဆရာ အစစ်အမှန်ဖြစ်သည်။

ဂျော့ဆန်

(ပြင်သစ်လူမျိုး အမျိုးသမီးစာရေးဆရာမ)

⁕ ***If your divorce capital from labour, capital is hoarded,and labour starves.***

အကယ်၍ သင်သည် အရင်းအနှီးနှင့် လုပ်အားကို တသီးတခြားလုပ်လိုက်ပါက အရင်းအနှီးသည် လျှို့ဝှက်သိမ်းဆည်းခံရပြီး အလုပ်သမားများသည် ငတ်မွတ်ကြပေလိမ့်မည်။

ဒင်နီယယ်လ်ဝက်ဘ်စတား

(အမေရိကန်လူမျိုးနိုင်ငံရေးသမားနှင့် မိန့်ခွန်းဟောပြောသူ)

နေကြတ်ချိန် အင်တာနက်မှ ကြည့်နိုင်မည်

ဝါရှင်တန် ဇူလိုင် ၃၀

လာမည့် ဩဂုတ် ၁ရက်၌ နေအပြည့်အဝကြတ်မှု ဖြစ်ပေါ်တော့မည် ဖြစ်သည်။ ထိုသို့ နေကြတ်မှုကြောင့် ကမ္ဘာ့ပထဝီအနေအထား၊ ကမ္ဘာ့မိုးလေဝသအခြေအနေနှင့် စီးပွားရေးကိစ္စရပ်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိစေမည် မဟုတ်ကြောင်း၊ ထို့အတူ အင်တာနက်ပေါ်မှ သတင်းရယူမှုများကို ထိခိုက်စေမည်မဟုတ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။



အာကာသသိပ္ပံ

ထိခိုက်စေမည်မဟုတ်

နေကြတ်ခြင်းသည် အိုင်တီနည်းပညာ လုပ်ငန်းများကို ထိခိုက်စေမည်မဟုတ်သည့်အပြင် သိပ္ပံနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကို ထိခိုက်စေမည်မဟုတ်ဟု ၄င်းတို့က ဆက်လက်ပြောကြားသည်။

ကြည့်ရှုနိုင်

ယခုကဲ့သို့ နေကြတ်ခြင်းကို ကမ္ဘာတစ်ဝန်းမှနေ၍ အင်တာနက်များပေါ်မှ ကြည့်ရှုနိုင်မည်ဖြစ်သည်။ နေကြတ်ခြင်းသည် စုစုပေါင်းအချိန် ၂ မိနစ်နှင့် ၂၇ စက္ကန့်သာကြာမြင့်မည်ဖြစ်သည်။ ထင်ထင်ရှားရှားတွေ့မြင်မည့်အရပ်များမှာ ကနေဒါ၊ ဂရင်းလန်ကျွန်း၊ ရုရှားနိုင်ငံ အစိတ်အပိုင်းတို့ဖြစ်သည်။ **(အင်တာနက်)**

ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို အလှမ်းဝေးအောင် မလုပ်သင့်ပါ

လူသစ်

ဒီမိုကရေစီစနစ်တွင် ပြည်သူသည် အရှင်သခင်ဖြစ်သည်။ ပြည်သူ၏ဆန္ဒသည် အခရာကျသည်။ ပြည်သူ၏ အဆုံးအဖြတ်သည်သာလျှင် အတည်ဖြစ်သည်။ အများစုဖြစ်သော ပြည်သူ၏အဆုံးအဖြတ်ကို လက်ခံသဘောတူ လိုက်နာလုပ်ဆောင်ရခြင်းသည် ဒီမိုကရေစီစနစ်၏ အင်မတန်အခြေခံကျလှသော၊ အင်မတန်ရိုးရှင်းလှသော၊ လူတိုင်း သိနားလည်သော ကျင့်စဉ်ပင်ဖြစ်သည်။

သို့သော် ယနေ့အချိန်တွင် NLD ဦးဆောင်သည့် ဆန့်ကျင်ဘက်အဖွဲ့များသည် ပါးစပ်က ဒီမိုကရေစီစကားကို အမြှုပ်ထွက်အောင် ဆီမန်းမန်းသလို တတွတ်တွတ်ရွတ်နေကြသော်လည်း အများပြည်သူ၏ဆန္ဒနှင့် အဆုံးအဖြတ်ကိုမူ လိုက်နာလက်ခံရန် အတင်းအဓမ္မငြင်းဆိုရှောင်လွှဲနေကြသည်ကို စိတ်ပျက်ဖွယ်ကောင်းလောက်အောင် တွေ့မြင်နေရပေသည်။ ဒီမိုကရေစီကို ကိုးကွယ်ရာတစ်ခုပမာ အလေးထားလှပါသည်ဆိုသော ဆန့်ကျင်ဘက် နိုင်ငံရေးသမားများက အင်မတန်အခြေခံကျလှသည့် ဒီမိုကရေစီကျင့်စဉ်ကလေးကိုပင် လက်ခံလိုက်နာနိုင်ခြင်း မရှိသည်မှာ ရှက်တတ်မည်ဆိုပါက ပြည်သူ့ရှေ့သို့ မျက်နှာပြရဲတော့မည်ပင် မဟုတ်ပေ။

အားလုံးသိပြီး ဖြစ်သည့်အတိုင်း တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ တာဝန်ယူခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော်သစ်ထူထောင်ရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် (၁) နိုင်ငံတော်တည်ငြိမ်ရေး၊ (၂) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ (၃) အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အခြားတစ်ဖက်ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ ချမှတ်ကာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄) အောင်မြင်ပြီးမြောက်၍ အဆင့်(၅) ဆီသို့ အရှိန်အဟုန်ကောင်းကောင်းနှင့် ချီတက်နေပြီဖြစ်သည်။

မူဝါဒလမ်းစဉ်(၇)ရပ်ကို အစိုးရကလျှို့ဝှက်စွာကြံစည်ချမှတ်ပြီး သိုသိုသိပ်သိပ် လူမသိ သူမသိ အကောင်အထည်ဖော်နေခြင်းမဟုတ်၊ စတင်ချမှတ်စဉ်ကပင် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ တရားဝင်ကြေညာ၍ ဖော်ဆောင်ခဲ့ခြင်းသာ ဖြစ်သည်။ ၎င်းကို ပြည်သူအားလုံးက လက်ခံယုံကြည်ကြသည့်နည်းတူ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံများနှင့် အာဆီယံနိုင်ငံများအားလုံးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်ကန်ဆုံးလမ်းကြောင်းအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြပြီးလည်း ဖြစ်သည်။ မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၁)ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလည်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိပင် ကျင်းပပြီးစီး အောင်မြင်ခဲ့ပြီး ဖြစ်သည်။ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် အများစုအပါအဝင် အစုအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်လျက် အကျယ်ပြန့်ဆုံး ညှိနှိုင်းဆွေးနွေး တိုင်ပင်နီးနှောခွင့် ရခဲ့ကြသည်။ အခြေခံဥပဒေရေးဆွဲရန် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို တညီတညွတ်တည်း ဆုံးဖြတ်ချမှတ်နိုင်ခဲ့ကြသည်။ ၎င်းအခြေခံမူများကို အခြေခံလျက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တိုင်းရင်းသား ဥပဒေပညာရှင်များအပါအဝင် နိုင်ငံသား ပညာရှင်များက ရေးဆွဲပြုစုပြီးမြောက်ခဲ့ကြသည်။

အသစ်ရေးဆွဲပြီးဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ခုနှစ် မေလ ၁၀ ရက်နေ့နှင့် ၂၄ရက်နေ့များတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ နိုင်ငံတော်တစ်ဝန်းလုံးက ဆန္ဒမဲပေးခွင့်ရှိသူ ၂၇၂၈၈၈၂၇ဦးအနက် ၉၈ဒသမ ၁၂ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ဆန္ဒမဲပေးသူများအနက် ၉၂ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြသည်။ ထို့ကြောင့် ၂၀၀၈ခုနှစ် မေလ ၂၉ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာနိုင်ခဲ့သည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရာနှုန်းပြည့်နီးပါးဖြစ်သည့် ဆန္ဒမဲပေးသူအားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပေးလိုက်ခြင်းအပေါ် NLD ဦးဆောင်သည့် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အင်အားစုများက အမျိုးမျိုးဝေဖန် ဆန့်ကျင်ခဲ့ကြသည်။ ဆန္ဒခံယူပွဲသည် လွတ်လပ်ပြီး တရားမျှတမှု မရှိကြောင်း၊ လူထုအပေါ် အကျပ်ကိုင်ပြီး မလျော်သြဇာသုံးမှုများ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဤအခြေခံဥပဒေသည် တရားမဝင်ကြောင်း၊ ကန့်ကွက်ကြောင်း စသည်ဖြင့် အမျိုးမျိုး ဆန့်ကျင်နှောင့်ယှက်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် တည်ဆဲအစိုးရကို ဦးတည်၍ ဆန့်ကျင်ကန့်ကွက်ကြခြင်းဖြစ်သော်လည်း ဤဖြစ်စဉ် ဖြစ်ရပ်ကြီး၏ အဓိကအဆုံးအဖြတ်ပေးသူမှာ ပြည်သူသာဖြစ်သည့်အတွက် ပြည်သူ၏ အဆုံးအဖြတ်ကို ထိပါးစော်ကားရာရောက်သကဲ့သို့ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရာရောက်သည်ဟုလည်း ဆိုနိုင်ပါသည်။

ယခုလည်း CRPP မှ ဦးပုကျင့်ရှင်းထန်၊ ဦးသိန်းဖေ၊ ဒေါက်တာမြင့်နိုင်၊ ဦးညီပု၊ ဒေါက်တာတင်မင်းထွဋ်ဆိုသူ ငါးဦးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် လုံခြုံရေးကောင်စီသို့ လိပ်မူလျက် အိတ်ဖွင့်ပေးစာတစ်စောင်ကို ဇူလိုင်လ ၂၁ရက်နေ့ ရက်စွဲဖြင့် အဆင်ခြင်မဲ့စွာ ပေးပို့ခဲ့သည်ကို တွေ့ရှိရပြန်သည်။ ၎င်းအိတ်ဖွင့်ပေးစာတွင် ထုံးစံအတိုင်း မူဝါဒလမ်းစဉ်(၇)ရပ်သည် မဆီလျော်၊ အရာမရောက်ကြောင်းနှင့် အခြေခံဥပဒေသည် တရားမဝင်ကြောင်း၊ NLD အပါအဝင် ဆန့်ကျင်ဘက်များနှင့် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ဆွေးနွေးရန် တောင်းဆိုကြောင်းများသာဖြစ်သည်။ မသူတော်ချင်း ရိုင်းပင်းသည့်အနေဖြင့် ခွန်မြင့်ထွန်းဆိုသူ ဦးစီးသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့အမည်ခံ ပြည်ပအားကိုး ပုဆိန်ရိုး ပြည်ပြေးအုပ်စုကလည်း ထောက်ခံကြောင်းကြေညာချက်ကို စည်းဝါးကိုက်ထားသည့်အလား အပြေးအလွှား ထုတ်ပြန်ခဲ့ကြသည်။ သို့သော် အခြေအမြစ်မဲ့ စွပ်စွဲပုတ်ခတ်မှုများဖြင့် အပ်ကြောင်းထပ်နေသည့် သူတို့၏ မဲပြာပုဆိုးကြေညာချက်များကို ယနေ့ ပြည်သူက လုံးဝလက်မခံတော့သည်ကို ထည့်တွက်မိပုံ မရချေ။ သူတို့၏ အမေကျော်ဒွေးတော်လွမ်းသည့် လုပ်ရပ်များ၊ သူခိုးဓားရိုးကမ်းသည့် အကျင့်စရိုက်များကို မြန်မာပြည်သူများက အသားထဲက လောက်ပမာ ရွံရှာစက်ဆုပ်နေကြပြီ ဖြစ်သည်။

ယနေ့ပြည်သူသည် ၁၉၈၈ ခုနှစ်က ပြည်သူ မဟုတ်တော့ပေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အမြင် အသိ ဗဟုသုတမြင့်မားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းကောင်းခွဲခြား နားလည်နိုင်သည့်၊ အတွေးအခေါ်မြင့်မားရင့်ကျက်သည့် အရည်အသွေးမြင့်ပြည်သူများ ဖြစ်နေကြပြီဖြစ်သည်။ ယခင်ကကဲ့သို့ နိုင်ငံရေးသမားများ၏ မစားရဝခမန်း ပြောသမျှ၊ ဟောသမျှကို လက်ခံ ယုံကြည်ပြီး ပုဂ္ဂိုလ်ရေးပေါ်လွင်ထင်ရှားမှုကို ဘုမသိ ဘမသိ လက်ညှိုးထောင်၊ ခေါင်းညိတ် ထောက်ခံခဲ့ကြသူများ မဟုတ်တော့ပေ။ ကောင်းသည်ကိုလုပ်လျှင် ကောင်းမှန်းသိပြီး ထောက်ခံအားပေးမည်ဖြစ်သကဲ့သို့ မကောင်းသည်ကို လုပ်လျှင် မကောင်းမှန်းသိပြီး ငြင်းပယ်ဆန့်ကျင်မည်သာ ဖြစ်သည်။

ယနေ့မြန်မာပြည်သူများအနေဖြင့် တပ်မတော်အစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့်အချိန်မှစပြီး နိုင်ငံနှင့် ပြည်သူ၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းလျက် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ပေးနေသည်ကို သိနားလည်၊ လက်ခံ၊ ယုံကြည်အားကိုးသည့်အတွက် တည်ဆဲအစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်များကို အပြည့်အဝ အားပေးထောက်ခံခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်ခြင်းသည် အစိုးရ၏ နိုင်ငံနှင့် ပြည်သူအပေါ်ထားရှိသည့် မေတ္တာစေတနာကို ပြည်သူက ရောင်ပြန်ထင်ဟပ်ပြသလိုက်ခြင်းသာ ဖြစ်သည်။

နောက်တစ်ချက်အနေဖြင့် ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တလျက်ရှိသည့်အတွက် တည်ဆဲအစိုးရက ပျက်သုဉ်းသွားသည့် တစ်ပါတီစနစ်နေရာတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် ဦးတည် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။ **ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ဒီမိုကရေစီဖော်ဆောင်၍ မရနိုင်ကြောင်း ပြည်သူက သိမြင် နားလည်ကြသည်။ ၎င်းအပြင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မြန်မာနိုင်ငံ မြန်မာပြည်သူများအတွက် ယနေ့အချိန်တွင် အကောင်းဆုံးနှင့် အသင့်မြတ်ဆုံး ဖြစ်ကြောင်းကို ပြည်သူအားလုံးက ယုံကြည်လက်ခံထားပြီးလည်း ဖြစ်သည်။** အစိုးရအနေဖြင့် ၎င်းဥပဒေကိုအခြေခံပြီး နိုင်ငံတော်ကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်နေကြောင်းကိုလည်း သိမြင်နားလည်ကြသည်။ ထို့ကြောင့် ပြည်သူက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို တစ်ခဲနက် ထောက်ခံအတည်ပြုပေးခဲ့ခြင်း ဖြစ်သည်။

ကျင်းပခဲ့သည့် ဆန္ဒခံယူပွဲများတွင် နိုင်ငံတကာစံနှုန်းနှင့်အညီဖြစ်သော ဆန္ဒခံယူပွဲကျင်းပရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်သူအားလုံးသည် စိတ်အေးချမ်းသာစွာ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့သည့်အပြင် မည်သည့်နေရာဒေသတွင်မျှ မတရားသဖြင့် ဖိနှိပ်မှုများ၊ မလျော်သြဇာသုံးမှုများ မရှိခဲ့ကြောင်း ပြည်သူအားလုံး၏ ကိုယ်တွေ့ပင်ဖြစ်သည်။ NLD နှင့် ဆန့်ကျင်ဘက်များအနေဖြင့် ဆန္ဒခံယူပွဲ မတိုင်မီက Vote-No, No-Vote ကြွေးကြော်သံများဖြင့် ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲပေးကြရန် ပြည်သူကို စည်းရုံးလှုံ့ဆော်ခဲ့ကြသော်လည်း ပြည်သူအများစုက လွတ်လွတ်လပ်လပ် မိမိဆန္ဒအလျောက် ထောက်ခံမဲကိုသာ ပေးခဲ့ကြသည်။ ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့်လည်း လွတ်လွတ်လပ်လပ် ကန့်ကွက်မဲပေးခွင့်ရခဲ့ကြသည်။ သို့သော် ပြည်သူ၏ အဆုံးအဖြတ်ထွက်ပေါ်လာချိန်တွင် ဆန့်ကျင်ဘက်တို့၏ သွေးထိုးလှုံ့ဆော်စည်းရုံးမှုများကို ပြည်သူက လက်မခံကြောင်း ထင်ရှားစွာ အဖြေပေါ်သွားခဲ့သည်။ သူတို့ပြောသကဲ့သို့ အစိုးရဘက်က မသမာမှုများ၊ မလျော်သြဇာသုံးမှုများ လုပ်ခဲ့မည်ဆိုလျှင်ပင် ယခုကဲ့သို့ ၉၂ဒသမ ၄၈ရာခိုင်နှုန်းဟူသည့် ရာနှုန်းပြည့်နီးပါး ထောက်ခံမဲရနိုင်ရန် အကြောင်းမရှိပေ။ ပြည်သူက တကယ်ယုံကြည်၍၊ တကယ်လက်ခံ၍သာ ဤရလဒ်မျိုး ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက်တွင် အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ ဥပဒေနှင့်အညီ ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်များ ရကြမည်ဖြစ်သည်။ ဤသည်မှာ ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် ရှေ့တစ်ဆင့် လမ်းပွင့်သွားခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ ပါတီများထူထောင် မဲဆွယ်စည်းရုံးကြပြီး ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲ၌ ပြည်သူ့ဆန္ဒအရ အရွေးချယ်ခံရပြီဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြပြီး လွှတ်တော်အတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် ကိုယ်တိုင် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခွင့်များ ရလာကြမည်ဖြစ်သည်။

အခြေခံဥပဒေနှင့်အညီ ဖော်ဆောင်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းကြခြင်းသည်သာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး၊ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝအာမခံချက်ပေးနိုင်သည့် အန္တရာယ်အကင်းဆုံးနှင့် အသင့်မြတ်ဆုံးလမ်းကြောင်း ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးလမ်းကြောင်းကို မတိမ်းစောင်းစေဘဲ ပန်းတိုင်ကို အမြန်ဆုံးလှမ်းကိုင်နိုင်ရေးအတွက် အသိမှန်၊ အမြင်မှန်ရပြီး တစ်ခုတည်းသော အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်တွင် ပေါင်းစည်းညီညွတ်စွာနှင့် အနာဂတ်ဒီမိုကရေစီရေးလုပ်ငန်းစဉ်များကို ညီညီညွတ်ညွတ် ဦးပဲ့ရွက်ထမ်း လျှောက်လှမ်းကြမည်ဆိုလျှင် ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆို ထောက်ခံအားပေးကြမည်သာ ဖြစ်သည်။

အမှန်စင်စစ်၊ မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီအောင် မိမိနိုင်ငံသားကိုယ်စားလှယ်များ၊ ပညာရှင်များက တညီတညွတ်တည်း ညှိနှိုင်းရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မိမိပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ခြင်းမှာ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စ၊ အမျိုးသားရေးကိစ္စသက်သက်သာဖြစ်သည်။ ယင်းကို မည်သည့်နိုင်ငံ အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ နိုင်ငံတကာ အဖွဲ့အစည်းကဖြစ်စေ စွက်ဖက်ပိုင်ခွင့် မရှိပေ။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်တိုင်းလိုက်နာရမည့် ကျင့်ဝတ်ကို မည်သည့်နိုင်ငံ၊ အဖွဲ့အစည်းကမျှ ဖောက်ဖျက်မည်လည်း မဟုတ်ပေ။ သို့သော် အသိခေါက်ခက် အဝင်နက်ပြီး တစ်ထွာတစ်မိုက်ဉာဏ်နှင့် ဤသို့ မရောင်ရာ ဆီလူးခြင်းမှာ ဆန့်ကျင်ဘက်နိုင်ငံရေးသမားဆိုသူတို့၏ နိုင်ငံရေးအဆင့်ကို ဖော်ပြလိုက်ခြင်းသာ ဖြစ်ပေသည်။

ပြည်သူက သူတို့၏ဆန္ဒအလျောက် သူတို့၏အနာဂတ်လမ်း၊ သူတို့၏အနာဂတ်ပန်းတိုင်ကို ထင်ထင်ရှားရှား ရွေးချယ်ပြဋ္ဌာန်းပေးလိုက်ခြင်းဖြစ်ရာ ပြည်သူ့ဆန္ဒကို အလေးထားသူတိုင်း ပြည်သူ၏ဆုံးဖြတ်ချက်ကို နာခံသင့်လှပေသည်။ ၉၂ဒသမ ၄၈ ရာခိုင်နှုန်းသော ပြည်သူက ထောက်ခံအတည်ပြုခဲ့ပါလျက်နှင့် ဤအခြေခံဥပဒေကို ကန့်ကွက်ကြောင်း၊ တရားမဝင်ကြောင်း၊ အသိအမှတ်မပြုရန် အကြောင်းများဖြင့် သခွတ်ပင်က မီးတကျည်ကျည်လုပ်နေမည်ဆိုပါက ပြည်သူ၏ တုံ့ပြန်ဒဏ်ခတ်ခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်သာ ဖြစ်သည်။

ယခု CRPP က ထီးရိပ်ခိုနေသည့် NLD ပါတီသည် သက်တမ်းတစ်လျှောက်လုံး ပြည်တွင်းအားကို ဆန့်ကျင်လျက် ပြည်ပအားကိုသာ အထင်ကြီး အားကိုးမျှော်လင့်နေခဲ့သည့် အနောက်မျှော်အုပ်စုသာ ဖြစ်သည်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး စသည့် နိုင်ငံနှင့် ပြည်သူ၏ အကျိုးစီးပွား ပျက်ရာပျက်ကြောင်းများကိုသာ တစိုက်မတ်မတ် ကြိုးစားပမ်းစားဆောင်ရွက်ခဲ့ကြသည်။ ၎င်းလုပ်ရပ်များကို စွန့်လွှတ်မည်ဆိုပါက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေါ်စုကြည်နှင့် တွေ့ဆုံပါမည်ဟု ကမ်းလှမ်းခဲ့သည်ကိုလည်း အပြုသဘော တုံ့ပြန်မှုမရှိခဲ့သည့်အပြင် ဆင်သေကို ဆိတ်ရေနှင့်ဖုံးသကဲ့သို့ မခိုင်လုံသည့် ငြင်းဆိုချက်များဖြင့် တွင်တွင်ကြီးသာ "ဘူး"ခံခဲ့သည်။ ၎င်းတို့တောင်းဆိုနေသော တွေ့ဆုံဆွေးနွေးရေး ဖြစ်မလာနိုင်သည့် ကိစ္စ၏ အဓိကတာဝန်ရှိသူ မည်သူဖြစ်သည်မှာ ရှေ့ကဖုံး၊ နောက်ကပေါ်နေသည့် ငြင်းဆိုချက်များက အဖြေပေးခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့မိသားစုဝင် နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် ရှိသည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်နှင့်လည်း အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂမှ ဦးဆောင်သော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာထွန်းကားရေး၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည်ဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၌လည်း တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေတို့မှာလည်း နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်အေးချမ်းမှုကို လုံးဝ ထိခိုက်ပျက်ပြားစေနိုင်ခြင်း မရှိခဲ့ပေ။ တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ အခန်းကဏ္ဍအား ဤကဲ့သို့ မဟုတ်မမှန် လုပ်ကြံစာများဖြင့် သေးသိမ်မှေးမှိန်အောင် ကြိုးပမ်းမှုများမှာ မည်သို့မျှ မဖြစ်သင့်သော၊ လက်ခံနိုင်ဖွယ်မရှိသော အမျိုးသားရေးသစ္စာဖောက်မှုကြီးပင် ဖြစ်ပေသည်။

ချုပ်၍ဆိုရသော် ဤကဲ့သို CRPP အဖွဲ့၏ မရောင်ရာဆီလူး လုပ်ရပ်များ၊ ခွန်မြင့်ထွန်းအဖွဲ့၏ သခင်အားရ ကျွန်ပါးဝ ထောက်ခံမှုများအပါအဝင် ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အုပ်စုများ၏ မူဝါဒလမ်းစဉ်(၇)ရပ် ဆန့်ကျင်ရေး၊ အခြေခံဥပဒေဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး ဆောင်ရွက်ချက်မှန်သမျှသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ ဒီမိုကရေစီအရေး ကြိုးပမ်းဖော်ဆောင်မှုများကို နှောင့်နှေးအောင်၊ ပျက်ပြားအောင် ဖျက်လိုဖျက်ဆီးလုပ်ရပ်များပင် ဖြစ်ပါသည်။ ဤအဖျက်လုပ်ရပ်များဖြင့် ဒီမိုကရေစီကိုတည်ဆောက်၍ ရနိုင်မည်မဟုတ်ဘဲ ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို ပို၍ပို၍သာ အလှမ်းဝေးစေမည် ဖြစ်ပါသည်။ ဤသို့ ပြည်သူ့ဆန္ဒကို ဆန့်ကျင်ပြီး ပြည်သူတို့၏ ဒီမိုကရေစီပန်းတိုင်ကို အလှမ်းဝေးသည်ထက် ဝေးအောင် ကြိုးပမ်းနေသော ပုဆိန်ရိုး သစ္စာဖောက်များအတွက် တစ်ချိန်မဟုတ် တစ်ချိန်တွင် သစ္စာဖောက်တို့သွားရာလမ်းကိုသာ မလွဲမသွေ မြန်းကြရမည်ဖြစ်ကြောင်း စေတနာထား၍ သတိစကား ပါးလိုက်ရပါသည်။ ။

ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေလိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ ဒီမိုကရေစီဖော်ဆောင်၍ မရနိုင်ကြောင်း ပြည်သူက သိမြင်နားလည်ကြသည်။ ၎င်းအပြင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မြန်မာနိုင်ငံ မြန်မာပြည်သူများအတွက် ယနေ့အချိန်တွင် အကောင်းဆုံးနှင့် အသင့်မြတ်ဆုံး ဖြစ်ကြောင်းကို ပြည်သူအားလုံးက ယုံကြည်လက်ခံထားပြီးလည်း ဖြစ်သည်။

31-7 (06).pmd 1 2/26/2003, 5:56 AM

နေပြည်တော်အခြေခံပညာအထက်တန်းကျောင်းများ ဝန်ကြီးဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၈ ရက်က နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ အတန်းမှူးများ၊ ဘာသာရပ်မှူးများနှင့် တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ ကျောင်းသားကျောင်းသူများ စာသင်ခန်းများ၌ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် နေပြည်တော် အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၈)၊ အမှတ်(၉)နှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းများသို့ ရောက်ရှိပြီး သင်ကြားရေးဆိုင်ရာများနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ စာသင်ခန်းများ၌ ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး ကာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အားပေးစကားပြောကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော်မြတ်ကြီး အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၃၀

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲက စေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်ထီးတော်ရုံ တန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင် တက်ရောက်ကြည်ညို၍(အပေါ်ပုံ) **လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

အစီအစဉ်အရ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုဗ္ဗိဗလ အမျိုးပြုသော ဆရာတော်၊ သံဃာတော်များ၊ တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များက နမော တဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဆရာတော်ဘဒ္ဒန္တနန္ဒဝံသက ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရက ပဋ္ဌာနပကဂုဏာဝန္ဒနာ ပဋ္ဌာန်းရှိခိုးဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံမှ တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တိုင်းမှူး၊ဇနီးနှင့်ဧည့်ပရိသတ်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒက ပဋ္ဌာန်း တရားနာကြားရန်အတွက် နတ်ဗြဟ္မာများအားပင့်ဖိတ်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာကို ရွတ်ဖတ်ပူဇော်၍ ဆရာတော်၊ သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယအသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကို ဩဂုတ်လ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ငူနှင့်ပဲခူးခရိုင်ကြံခိုင်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတွေ့ဆုံ ပြွန်တန်ဆာမြို့ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇူလိုင် ၂၇ ရက်က တောင်ငူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပဲခူးမြို့သို့ရောက်ရှိပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ပဲခူးခရိုင်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအားတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် ဇူလိုင် ၂၇ ရက်တွင် ပြွန်တန်ဆာမြို့ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)သို့ ရောက်ရှိ စစ်ဆေးရာ**(အပေါ်ပုံ)** လျာထားချက်များနှင့်အညီ ပြည့်မီစွာထုတ်လုပ်ရေးနှင့် ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားတုံးများ လုပ်ငန်းခွင်များသို့ အချိန်မီပို့ဆောင်ရေးတို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး သားဖွားခန်းသုံးပစ္စည်းများနှင့် ယင်လုံအိမ်သာခွက်များပေးအပ်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မိသားစုပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် သားဖွားခန်းတို့အတွက် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကိုဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် သန်လျင်မြို့နယ် မြို့သစ် အလယ်ရပ်ကွက်တို့မှ ရာသက်ပန်အဆိုပြုလွှာများကို တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် သန်လျင်မြို့နယ်၊ကျောက်တန်းမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းပြီး သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအတွက် ယင်လုံအိမ်သာခွက်များကိုပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပညာပေးဟောပြော

ယင်းနောက် သန်လျင်မြို့ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာ ဒေါ်ဝင်းဝင်းဆွေက ဝမ်းပျက်ဝမ်းလျှော ရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ထားဝယ်ကမ်းနားဈေး၌ ယင်လုံဆန်ခါဖြင့်ရောင်းချ

ထားဝယ် ဇူလိုင် ၂၀

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကမ်းနားဈေးတွင် အသားငါးနှင့် အစားအစာများ ကျန်းမာသန့်ရှင်းရေးနှင့်အညီ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ယင်လုံဆန်ခါများဖြင့် ခင်းကျင်းရောင်းချနေမှုကို ဇွန် ၉ ရက်က ဦးစီးအရာရှိ ဦးမောင်မောင်လွင်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးကျော်ဌေးတို့ ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်စည်ပင်)**

STI Education မှ စာစီစာကုံး၊ စကားရည်လုပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

STI Education ၏ စာစီစာကုံး ပြိုင်ပွဲနှင့် စကားရည်လုပွဲတွင် ဆုရရှိသူများနှင့် သင်တန်းအောင်မြင် ပြီးဆုံးသူများအား အောင်လက်မှတ်များချီးမြှင့်သည့် အခမ်းအနားကို ဇူလိုင် ၂၇ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ကျင်းပသည်။

ယှဉ်ပြိုင်

ရှေးဦးစွာ STI Education ၏ အကြံပေးပါမောက္ခ ဆရာမကြီးဒေါ်လှမြင့်က အမှာစကားပြောကြားပြီး Category A စကားရည်လုပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲကို It is better to be young and poor than to be old and rich ခေါင်းစဉ်ဖြင့်ကျောင်းသားကျောင်းသူသုံးဦးစီပါဝင်သောအဖွဲ့နှစ်ဖွဲ့က ယှဉ်ပြိုင်ကြသည်။

ထို့နောက် Category B စကားရည်လုပွဲကို Money is the root of all evils ခေါင်းစဉ်ဖြင့် STI Education ၏ TESOL နှင့် TEFL သင်တန်းသား သင်တန်းသူနှစ်ဦးစီ ပါဝင်သော အဖွဲ့နှစ်ဖွဲ့က ဆက်လက်ယှဉ်ပြိုင်ကြသည်။

သင်တန်းဆင်းလက်မှတ်ချီးမြှင့်

ယင်းနောက် STI Education မှ သင်တန်းအောင်မြင် ပြီးဆုံးသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ရာ Logistics Management, TESOL, Hospitality and Tourism Management, Business Management ဒီပလိုမာအောင်လက်မှတ်ရရှိသူများ၊ Certificate in TEFL, Certificate in Business Management and English နှင့် English to Go အောင်လက်မှတ်ရရှိသူများအား အောင်လက်မှတ်များချီးမြှင့်ပေးသည်။

ဆုချီးမြှင့်

ထို့အပြင် စာစီစာကုံးပြိုင်ပွဲတွင် Category A ၌ပထမဆုရရှိသူမောင်မြတ်သူမောင်၊ဒုတိယဆုရရှိသူ မကြည်ဖြူငြိမ်း၊ နှစ်သိမ့်ဆုရရှိသူ မောင်ဟေမာန်မင်းလွင်ဦးနှင့် Category Bတွင် နှစ်သိမ့်ဆုရရှိသူ ဦးအောင်နိုင်ဝင်းတို့အား Mrs.Jean Braid က ဆုများအသီးသီးချီးမြှင့်သည်။

ယင်းနောက် စကားရည်လုပွဲတွင် Category A အတွက် ပထမဆုရရှိသူ မောင်ဉာဏ်အောင်နှင့်အဖွဲ့၊ ဒုတိယဆုရရှိသူ မဖြူမီခိုင်နှင့် အဖွဲ့ **(အောက်ပုံ)**တို့ကို အငြိမ်းစား ပါမောက္ခဆရာမကြီး ဒေါ်ခင်စုစုသွယ်က ဆုများပေးအပ် ချီးမြှင့်ပြီး Category B အတွက် ပထမဆုရရှိသူ မခင်ပြည့်ဝန်းသော်တာနှင့်အဖွဲ့၊ ဒုတိယဆုရရှိသူ မောင်သူရကျော်နှင့်အဖွဲ့တို့ကို အငြိမ်းစား ပါမောက္ခဆရာမကြီး ဒေါ်မေကျော်မြင့်က ဆုများချီးမြှင့်သည်။

STI Education သည် University of London (UOL)မှ ချီးမြှင့်မည့် Bachelor of Management ကို Queensfield Business School, Singaporeတွင် သုံးနှစ်စရိတ်သက်သာစွာ တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး Security deposit စင်ကာပူဒေါ်လာ 5000 ပေးသွင်းရန်မလိုကြောင်း သိရှိရသည်။

ထို့အပြင် Australia နိုင်ငံ Edith Cowan University နှင့် Singapore Institute of Materials Management တို့ ပူးပေါင်းဖွင့်လှစ်သည့် Diploma in Design (Interior / Exterior/ Multimedia) ကို SIMM, Singapore နှင့် Edith Cowan University, Australia တွင် တက်ရောက်နိုင်ပြီး ယခုအခါ ဒီဇိုင်းပညာရပ်၏ဒီပလိုမာသို့မဟုတ်ဘွဲ့ရရှိပြီးပါက အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ လျှပ်စစ်မီးဖွင့်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ ဦးဆောင်၍ မန္တလေးမြို့ ရတနာပုံဈေး မွန်းအိုင်းအထည်ဆိုင်ပိုင်ရှင် ဦးမျိုးမျိုး-ဒေါ်အပ်ကျိန်း(ခ)ဒေါ်မြင့်မြင့်အေး မိသားစုက ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံကာ တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသည့် မွန်းအိုင်း သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ မစိုးရိမ်တိုက်သစ် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဦးဆောင်၍ တည်ဆောက်ပြီးဖြစ်သည့် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲနှင့်ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ် သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲများကို ၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁ ရက် (ဩဂုတ် ၂ ရက်) စနေနေ့တွင် ခရမ်းမြို့ ပြည်သူ့ဆေးရုံအတွင်းနှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူပြင်းခြောက်သွေ့ မိုးနည်းရေရှားလွင်တီးခေါင်ဒေသများ စိမ်းလန်းစိုပြည် စိုက်ပျိုးရေရရှိရေး ထောက်ကူပေးမည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်မှ မင်းကန်ရေလှောင်တမံ

သတင်းမြင်ကွင်း - ကျော်စိန် ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ပခုက္ကူခရိုင်ဒေသဖွံ့ဖြိုးရေးအတွက် ရေရနိုင်သည့်နေရာ အရင်းအမြစ်များဖော်ထုတ်ရှာဖွေဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွင်း၌ ဆည်ငယ်၊ကန်ငယ်များတည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စိမ်းလန်းစိုပြည်ရေး

ထိုသို့ဆောင်ရွက်ရာတွင် အချိန်တိုအတွင်း ပြီးစီးမည့် အသေးစားနှင့်အလတ်စားဆည်မြောင်းစီမံကိန်းများကို ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ခြောက်သွေ့သော ဒေသများ စိမ်းလန်းစိုပြည်ရေးအတွက် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ မင်းကန်ရွာအနီး ပိတောက်ပင် ချောင်းပေါ်၌ မင်းကန်ရေလှောင်တမံကို တည်ဆောက်ခဲ့ရာ အချိန်တိုသတ်မှတ်ရက်အတွင်း ပြီးစီးဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်ပေါင်း ၁၃ခုကို တည်ဆောက်ရန် သတ်မှတ်ထားရာ ယခုဖွင့်လှစ်သော မင်းကန်ဆည် အပါအဝင် ဆည်ကိုးခုဖွင့်လှစ်ပြီး၍ တည်ဆောက်ဆဲဆည် ငါးခုရှိပြီး တည်ဆောက်ရန် ဆည်သုံးခု ကျန်ရှိသည်။

“တမံကို အရာရှိ၊ ဝန်ထမ်း၊ လုပ်သားအင်အား ၂၅၀ ဖြင့် ၂၀၀၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပါတယ်”

ဦးထွန်းထွန်းဦး
(ဦးစီးအရာရှိ)
လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး
တည်ဆောက်ရေး(၃)၊
တောင်တွင်းကြီးမြို့

ရေပေးဝေနိုင်မည်

တည်ဆောက်ပြီးစီးသောဆည်များမှ မိုးစပါးအတွက် ရေသောက်ဧက ၂၀၀၀ကျော်ကို ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး တည်ဆောက်ဆဲ ဆည်ငယ်များမှ မိုးစပါးဧက ၂၀၀ကျော်သို့ မိုးစပါးစိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်မည့်အပြင် တည်ဆောက်ရန်လျာထားသော ဆည်ငယ်သုံးခုတို့မှ လယ်မြေဧက ၄၀၀ကျော်အတွက်ရေပေးဝေနိုင်မည်ဖြစ်သည်။

မင်းကန်ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၂၆လက်မရွာသွန်းပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၅၀ရှိသည်။ လယ်ရေသွင်းစိုက်ပျိုးနိုင်ရန်အတွက် တူးမြောင်းမကြီးကို အလျားတစ်မိုင်ခွဲဖောက်၍ တောင်သူများအား ရေပေးမည်ဖြစ်သည်။

ပခုက္ကူခရိုင်

ပခုက္ကူခရိုင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် ရေလှောင်တမံငယ်/ကန်ငယ်များ တည်ဆောက်ရာတွင် မြို့နယ်ငါးခုတွင် ဆည်ပေါင်း၇၁ခုမှ ရေရရှိရေး ဆောင်ရွက်လျက်ရှိသည်။ ဆည်၇၁ခုတို့ကို တည်ဆောက်ရာတွင် ယနေ့အထိဖွင့်လှစ်ပြီးစီးသော ဆည်၅၃ခုရှိသည်။ ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေခြင်းနှင့်ပတ်သက်၍ ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးမောင်မောင်လွင်အား မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အကျိုးပြုမည်

ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က ရှင်းပြရာတွင် “မကွေးတိုင်း ပခုက္ကူခရိုင်သည် ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားဒေသဖြစ်သောကြောင့် လွင်တီးခေါင်များဖြစ်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ပခုက္ကူခရိုင်အတွင်း ဒေသစိမ်းလန်းစိုပြည်စေရန်နှင့် စိုက်ပျိုးရေရရှိစေရန် ရည်ရွယ်၍ ဆည်ငယ်၊ ကန်ငယ် ၇၁ခုကို အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း၊ယင်းအစီအစဉ်အရ ဆည်ငယ်၊ကန်ငယ်၇၁ခုကိုတည်ဆောက်ခဲ့ကြောင်း၊ တည်ဆောက်ရန်အတွက် ဆည်မြောင်းဦးစီးဌာနမှ ၄၇ခု၊ ဒေသမှ ၂၄ ခုတို့က ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ်မှ သုံးခု၊ ပေါက်မြို့နယ်မှ ၁၀ ခု၊ မြိုင်မြို့နယ်မှ ငါးခုနှင့် ရေစကြို မြို့နယ်တွင် ခြောက်ခုလုပ်ကိုင်ကြောင်း၊ ဒေသမှဆောင်ရွက်သော ဆည်၂၄ခုမှ အကျိုးပြုဧက၁၀၃၆ဧကကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ထိုနည်းတူစွာ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်သော လုပ်ငန်း၄၇ခု ရှိပြီး ၄င်းအနက် ၂၈ခုကို အကောင်အထည်ဖော်ပြီးဖြစ်၍ ဧရိယာဧက ၄၄၂၂ဧကကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှဆောင်ရွက်ရန် ကျန်ရှိသော လုပ်ငန်း၁၉ခုအနက် လုပ်ငန်းဦးရေ ၁၀ခုကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း။

အပြီးဆောင်ရွက်

ဆက်လက်ဆောင်ရွက်ရန်ရှိသော လုပ်ငန်း ၁၀ခုတို့ကို မကွေးထိန်းသိမ်းရေးမှ လုပ်ငန်းလေးခု၊ တည်ဆောက်ရေး(၂)ပြည်မှနှစ်ခု၊တည်ဆောက်ရေး(၃)မကွေးမှ တစ်ခုနှင့် တည်ဆောက်ရေး(၈)မကွေးမှ သုံးခုတို့ကို ဆောင်ရွက်ကြမည်ဖြစ်ရာ လယ်ဧက ၁၃၉၅ကို အကျိုးပြုမည်ဖြစ်ကြောင်း၊ ၄င်းအပြင် ကျန်ရှိသော ဆည်ကိုးခုတို့ကို ၂၀၀၈-၂၀၀၉ခုနှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး တည်ဆောက်ရေး(၂)မှ လုပ်ငန်းတစ်ခု၊ တည်ဆောက်ရေး(၃)မကွေးမှခြောက်ခု၊ တည်ဆောက်ရေး(၈) မကွေးမှ နှစ်ခု ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

မကွေးတိုင်း ပခုက္ကူခရိုင် အတွင်းရှိ မြို့နယ်များသည် နှစ်စဉ် မိုးရွာသွန်းမှုနည်းပါးသဖြင့် ရွာသွန်းသည့်မိုးရေကို အကျိုးမဲ့စီးဆင်းမှု မဖြစ်စေဘဲ အသေးစားရေလှောင်တမံများပိတ်၍ ရေသိုလှောင်နိုင်ပါက သိုလှောင်ထားသည့်ရေဖြင့် ဒေသတစ်ဝိုက် စိမ်းလန်းစိုပြည်လာခြင်း၊ လယ်မြေဧကအချို့ ရေပေးဝေနိုင်သဖြင့် ဒေသဝမ်းစာဖူလုံမှုကို အထောက်အကူပြုခြင်း၊ ဒေသနေ ပြည်သူလူထုနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိနိုင်ခြင်း၊ မိုးရွာစဉ် သဲနုန်းများ မျောပါ စီးဆင်းမှုကြောင့် ဧရာဝတီမြစ်အတွင်း သဲသောင်ဖြစ်ထွန်းမှုကို အတော်အသင့် ကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရှိလာနိုင်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

“ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပခုက္ကူခရိုင်အတွင်း ဆည်ငယ်၊ကန်ငယ်၇၁ခု တည်ဆောက်ခဲ့ပါတယ်” ဦးမောင်မောင်လွင်

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)
ထိန်းသိမ်းရေး၊ ပခုက္ကူ

ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ရွာနှင့် မြေနုရွာ မြေဧရိယာဧက၂၀၀ကို ရေသွင်းစိုက်ပျိုးနိုင်ရန် မင်းကန်ရေလှောင်တမံ၏ ရေထုတ်ပြွန် ရေသွယ်မြောင်းကို အညာဒေသ၏ မြင်ကွင်းပသာဒဖြင့် ဤသို့ တွေ့ရသည်။

မိုးရေဝင်

မင်းကန် ရေလှောင်တမံစီမံကိန်းနှင့် ပတ်သက်၍ တာဝန်ယူ တည်ဆောက်သော တောင်တွင်းကြီးမြို့ လက်ထောက်ညွှန်ကြားရေးမှူးရုံး တည်ဆောက်ရေး(၃) ဦးစီးအရာရှိ ဦးထွန်းထွန်းဦးအား တွေ့ဆုံမေးမြန်းရာ “မင်းကန်ရေလှောင်တမံမှာ ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအရ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ တမံကို ၂၀၀၆ခုနှစ်မှ စတင်တည်ဆောက်ခဲ့ကြောင်း၊ အရာရှိ၊ ဝန်ထမ်း၊ အလုပ်သမားများအပါအဝင် အင်အား၂၅၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရေလှောင်တမံသို့ မိုးရွာပြီး ရေဝင်လျှင် ရေစတင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်စဉ် ဇူလိုင်နှင့် ဩဂုတ်လတို့တွင် မိုးရေဝင်ကြောင်း၊ **ပခုက္ကူဒေသမှာ မိုးနည်းဒေသဖြစ်သောကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေ၊ ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေရရှိရေးအတွက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာခဲ့ပါကြောင်း။**

ဆည်ရေသုံးစွဲကြမည့် ဒေသခံပြည်သူများအနေဖြင့် ငွေကြေးအများအပြားအကုန်အကျခံ၍တည်ဆောက်ပေးသော နိုင်ငံတော်၏စေတနာကို အလေးထားပြီး ဆည်ကြာရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် ရေကိုအလေအလွင့်မရှိစေဘဲ သုံးစွဲကြရန်လိုကြောင်း၊ ဒေသခံတောင်သူတို့ ဝမ်းမြောက်ကျေးဇူးတင်စွာဖြင့် ရေကိုအကျိုးရှိရှိ သုံးစွဲစိုက်ပျိုးကြမည် ဆိုလျှင် မိမိတို့ဝန်ထမ်းများ မောပန်းခဲ့ရသမျှ အမောပြေကြရမည်ဖြစ်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ပြောကြားခဲ့ကြပါကြောင်း သတင်းမြင်ကွင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တည်ဆောက်ပြီးစီးသောဆည်များမှ မိုးစပါးအတွက် ရေသောက်ဧက ၂၀၀၀ကျော်ကို ရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး တည်ဆောက်ဆဲ ဆည်ငယ်များမှ မိုးစပါးဧက ၂၀၀ကျော်သို့ မိုးစပါး စိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်မည့်အပြင် တည်ဆောက်ရန် လျာထားသော ဆည်ငယ်သုံးခုတို့မှ လယ်မြေဧက ၄၀၀ကျော်အတွက် ရေပေးဝေနိုင်မည်ဖြစ်။

မြိုင်မြို့နယ် မင်းကန်ရေလှောင်တမံ၏ ကျောက်စီနံရံအကျယ် ပေ၄၀ရှိ ရေပိုရေလွှဲတည်ဆောက်ထားမှုကို ဤသို့တွေ့ခဲ့ရသည်။

■ *ကျောဖုံးမှ*

လျာထားဆောင်ရွက်

အခမ်းအနားတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် ဒေသဝမ်းစာဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အထောက်အကူပြုစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဟု တင်စားခေါ်ရလောက်အောင် ဆီဖူလုံမှုရာခိုင်နှုန်း ၄၂၉ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အပြင် တစ်တိုင်းလုံးရှိ လူဦးရေ ၅ဒသမ ၂၉ သန်းအတွက် ယခုနှစ်ဒေသဝမ်းစာဖူလုံရေးကို ၁၀၁ ဒသမ ၄၆ ရာခိုင်နှုန်း လျာထားပြီး မိုးစပါး ၉၃၂၀၉၆ ဧကနှင့် နွေစပါးဧက ၁၆၀၀၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

တိုးချဲ့စိုက်ပျိုး

မကွေးတိုင်းအတွင်း မူလက ဆည်/ကန် ၃၈ ခု၊ ဆည်ရေသောက်ဧရိယာဧက ၂၆၀၁၁၀ ရှိခဲ့ရာမှ ယခုဖွင့်လှစ်သည့် မင်းကန် ရေလှောင်တမံအပါအဝင် ရေလှောင်တမံ ၃၉ ခုအထိ တည်ဆောက်နိုင်ခဲ့ပြီး ဆည်ရေသောက်ဧရိယာဧက ၂၆၀၃၁၀ အထိ တိုးတက်လာပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ ခု စီမံချက်ချ ဆောင်ရွက်ခဲ့သည့်အနက် ဆည်ငယ်၊ တမံငယ် ၂၄ ခုကို ဆောင်ရွက်နိုင်ခဲ့၍ စပါးစိုက်ဧက ၁၀၃၆ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ကျန်ရှိသောဆည်ငယ် တမံငယ် ၄၇ ခု၊ အကျိုးပြုဧက ၇၅၉၂ ဧကအတွက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုမင်းကန်ရေလှောင်တမံအပါအဝင် ဆည်တမံ ၃၁ ခု တည်ဆောက်ပြီးဖြစ်၍ စိုက်ပျိုးဧရိယာ ၄၆၉၇ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးတို့အတွက် တည်ဆောက်ခဲ့သည့် ဆည်၊ ကန်၊ ရေလှောင်တမံများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်အစိုးရမှ မကွေးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သည့် ၃၉ခု မြောက်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ ၂၁၃ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ မြိုင်မြို့နယ် မြို့တင်ကျေးရွာအုပ်စုမှာ ယခင်ကပထမသီးနှံအဖြစ် မိုးစပါး၊ မိုးမြေပဲ၊ မိုးနှမ်းနှင့်ပဲတီစိမ်းတို့ ဧက ၂၀၀ စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် ဆောင်းပဲတီစိမ်းကို ၂၂ဧကစိုက်ပျိုးကြသည့်အတွက် စုစုပေါင်းသီးနှံစိုက်ဧရိယာ ၂၂၂ဧကခန့်ရှိပြီး ယခု မင်းကန်ရေလှောင်တမံ တည်ဆောက်ပြီးသည့်အချိန်တွင် ပထမသီးနှံ ဧက၂၀၀၊ ဒုတိယသီးနှံကို ၈၅ဧက တိုးတက်စိုက်ပျိုးနိုင်မှာဖြစ်သည့်အတွက် စုစုပေါင်းသီးနှံစိုက် ဧရိယာ ၂၈၅ဧကခန့် ဖြစ်လာကြောင်း၊ ရေလှောင်တမံ ရေရှည် တည်တံ့ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မြိုင်မြို့နယ်ဒေသခံပြည်သူများကိုယ်စား ဒေသခံဦးမျိုးမြင့်က မင်းကန်ရေလှောင်တမံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မင်းကန်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့်အတူ ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် မင်းကန်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်၍ ရေလှောင်တမံကို လှည့်လည်စစ်ဆေး ကြည့်ရှုကြသည်။

အထောက်အကူပြု

ယခုဖွင့်လှစ်သော မင်းကန်ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၁၃ခု မြောက်နှင့် မကွေးတိုင်းအတွင်း ၃၉ ခုမြောက် ရေလှောင်တမံဖြစ်ပြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ကျေးရွာအနီး ပိတောက်ပင်ချောင်းကိုပိတ်၍ တည်ဆောက်ထားကာ မြေသားတမံအမျိုးအစား အမြင့်ပေ ၄၀၊ တမံအလျားပေ၂၁၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏဧက ပေ၃၉၀ရှိပြီး ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူ ပြုစေမည့်အပြင် စပါးနှင့်အခြားသီးနှံ ဧက ၂၀၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၂၅၄ ဒသမ ၄၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေ သတိပေး

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၈ ခုနှစ် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၈ ပေခန့်မှ ၂၁ ဒသမ ၀၀ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ပေ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။

(သတင်းစဉ်)

အရှင်စန္ဒိမာ၏ ဓမ္မသဘင်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်ဂဏဝါစက စာချ အရှင်စန္ဒိမာ (လဝန်းသစ်)အရှင်သူမြတ်သည် ၁၃၇၀ ပြည့်နှစ် ဝါဆိုလကွယ်၊ ဩဂုတ် ၁ရက် (သောကြာနေ့) ည ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် အမှတ် (၃)ရပ်ကွက် အောက်ပုဇွန်တောင်လမ်းမကြီး "သဟပုညကာရီ" ဓမ္မာရုံတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ယောဂီအပေါင်းတို့အား တရားနာကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကလေးများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သစ်တော)

ဘိုကလေးမြို့နယ်ကျေးရွာများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၈ရက်တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ ပေးအပ်လှူဒါန်းရာ ရေလုပ်သားများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက်ဝန်ကြီးသည် လှူဒါန်းသည့် စက်တပ်လှေများကို ကြည့်ရှုစစ်ဆေးပြီး ရေလုပ်သားများအား အားပေးစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးသည် စက်ဆန်းအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ယာယီစာသင်ဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ ကလေးများ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ဆန်းကျေးရွာအတွင်း လေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၁၀၈ လုံး ဆောက်လုပ်ပြီးစီးသဖြင့် မိသားစုများ ပြောင်းရွှေ့နေထိုင်မှု၊ ကျေးရွာအတွက် စာကြည့်တိုက်ဆောက်လုပ်ပြီး စာအုပ်များ ဖြည့်ဆည်းထားရှိမှု၊ ကျေးရွာအတွင်း အိမ်ဆိုင်ဖွင့်လှစ် ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ဆန်းကျေးရွာအတွင်း ရွာလယ်လမ်းမကြီးပြုပြင်ထားမှု၊ ကျေးရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဝန်ကြီးသည် ကြိမ်ချောင်းကြီးကျေးရွာသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် လူနေအိမ် ၁၂၀ ဆောက်လုပ်ပြီးစီးသဖြင့် မိသားစုများပြောင်းရွှေ့နေထိုင်မှု၊ရှေ့တန်းကျန်းမာရေးစခန်းဖွင့်လှစ်ထားရှိမှု၊ တိလောကမာရဇိန်စေတီတော် ပြုပြင်ထီးတော်တင်လှူထားမှု၊ နဂါးရုံဘုရားတည်ထားမှု၊ စာကြည့်တိုက်ဖွင့်လှစ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကြိမ်ချောင်းကြီးကျေးရွာ မူလတန်းလွန်ကျောင်းနှင့် မူလတန်းကျောင်းများ၌ စာပေသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေး၍ ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် မြင်းကကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဆေးပေးခန်းသို့ ထူးထရေးဒင်းကုမ္ပဏီမှ ဆေးဝါးများလှူဒါန်းမှုနှင့် ကျေးရွာဆေးပေးခန်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်လျှောက် လယ်စိုက်ပျိုးပြီးစီးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထွန်တုံးပိတ်

အဆိုပါ မြင်းကကုန်းကျေးရွာအုပ်စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ဩဂုတ်လလယ်ပိုင်းတွင် ထွန်တုံးပိတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

နတ်တလင်း ဇူလိုင် ၃၀

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းကို ဇူလိုင် ၅ရက်က အဖွဲ့ရုံးဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးညိုမြို့ ကြေးသွန်းဘုရားကြီး ရာပြည့် ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၃၀

ပဲခူးတိုင်း သာယာဝတီခရိုင် မိုးညိုမြို့ ဗုဒ္ဓရုပ်ပွားတော် ကြေးသွန်းဘုရားကြီး နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ပြီးစီးသွားသော ရွှေတိဂုံ ပုံတူစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် "ဗုဒ္ဓဂယာဓမ္မခရီးသည်" စာအုပ်ရေးသားခဲ့သော စာရေးဆရာ တက္ကသိုလ်စိန်တင်က ကြည်နူးတမ်းတ သံဝေဂယူခဲ့ရသော ဗုဒ္ဓဂယာခေါင်းစဉ်ဖြင့် ဟောပြောမည်ဟု သိရသည်။

စာပေဟောပြောပွဲကို မိုးညိုမြို့ ကြေးသွန်းဘုရားကြီးဓမ္မာရုံတွင် ဩဂုတ် ၁ရက် (ဝါဆိုလကွယ်၊ ဥပုသ်နေ့) မွန်းလွဲ ၁နာရီတွင်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဓမ္မမိတ်ဆွေများ တက်ရောက်ကြည်ညိုနိုင်ကြသည်။

(မြန်မာ့အလင်း)

ပဟိုအတွင်းရေးမှူး စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီမိသားစုက မကွေးတိုင်း နတ်မောက်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဖျောက်ဆိပ်ပင်ပရိယတ္တိစာသင်တိုက်တို့မှ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်က နတ်မောက်မြို့ ဒီပင်္ကရာပရိယတ္တိစာသင်တိုက် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒီပင်္ကရာပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဝါယမထံမှ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ပရိသတ်တို့က ဆရာတော်၊ သံဃာတော်တို့ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တဝါယမက သာဓုအနုမောဒနာ တရားဟောကြားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက်ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မိသားစု၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နတ်မောက်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာ၊လေးဘာသာ၊သုံးဘာသာ ဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်ကြားပြသပေးသော ဆရာ၊ဆရာမ ၂၃ဦးကိုယ်စား မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဦးထံသို့ ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တာဝန်ရှိသူများက နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀နှင့်အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် နတ်မောက်မြို့ပေါ်ရှိအခြေခံပညာမူလတန်းကျောင်းများမှ နဝမတန်းမှသူငယ်တန်းအထိ တန်းစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရေနံချောင်းမြို့ စတားမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးကုမ္ပဏီ ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်းမိသားစုက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းငွေအောင်ကလက်ခံပြီးကျောင်းအုပ်ဆရာကြီးနှင့်ငါးဘာသာဂုဏ်ထူးရှင်မောင်ကျော်စိန်လင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ မြို့နယ်အားကစားခန်းမ၌ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာဂုဏ်ထူး ရရှိကြသော ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ တာဝန်ရှိသူများက လေးဘာသာနှင့်သုံးဘာသာ ဂုဏ်ထူးရရှိကြသော ကျောင်းသားကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့်ငါးဘာသာဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုဆုငွေနှင့် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၈ရက်

(ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မပြေးပါနဲ့ ရပ်နေပါ** တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ)
၈:၀၅-၂:၀၅	နိဗ္ဗာန်ဆီသို့.... အမေးအဖြေများ
၈:၂၀-၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅-၂:၂၅	ပြည်တွင်းအနုပညာရေးရာ
၈:၅၀-၂:၅၀	အရောင်အသွေးစုံစွာ ဆိပ်ဖူးတောင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	အံ့ဖွယ်ထူးခြား ကြည်ညိုဖူးမြော် မြလေးနွယ် မြတ်စေတီတော်
၉:၅၀-၃:၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၉:၅၅-၃:၅၅	လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး (ဒေါက်တာသီတာအောင်)
၁၀:၁၀-၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၀:၄၀-၄:၄၀	စားချင်စဖွယ် နည်းအသွယ်သွယ်
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	**ဆုံစည်းခွင့်** မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ ချစ်သုဝေ
၁၁:၁၅-၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၁:၄၀-၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅-၅:၄၅	စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ အာဟာရစုံဖြည့်စွက်ပါ
၁၂:၀၀-၆:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မဖြူနှင့်တွေ့ဆုံခြင်း)
၁၂:၂၅-၆:၂၅	လက်ရာဆန်းသစ် စစ်မှန်သေချာ လက်ဝတ်တန်ဆာ
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHE တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာအုပ်၊ စာပေကို ချစ်မြတ်နိုးသူများအတွက် စိတ်ကူးချိုချိုစာအုပ်တိုက်စာအုပ်ရောင်းပွဲ

စာပေရှုခင်း-မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဇူလိုင် ၃၀

အသိပညာကို တိုးပွားစေသည့် စာပေလေ့လာမှုဖြင့် တစ်ရက်တာအချိန်ကုန်လွန်စေခြင်းသည် အကျိုးမဲ့စွာ ဖြတ်သန်းနေသော လူတို့၏တစ်ဘဝတာအချိန်ထက်ပို၍တန်ဖိုးရှိသည်ဟု ဆိုရိုးစကားရှိသည်။ ထို့ကြောင့် ဘဝအတွက် တန်ဖိုးရှိသော စာပေများကို အချိန်ရခိုက် ဖတ်ရှုလေ့လာဆည်းပူးသင့်သည်။

'ဈေးသက်သက်သာသာနဲ့ဖတ်ရှုစေချင်တဲ့ ဆန္ဒနဲ့ပါ'
ကိုဖိုးကျော်
စာအုပ်တိုက်တာဝန်ခံ

စတင်ဖွင့်လှစ်ရောင်းချ

ဘဝအတွက် အသိပညာမြင့်မားစေမည့် စာအုပ်များရောင်းချနေသည့် '(၉)နှစ်ပြည့် စိတ်ကူးချိုချို စာအုပ်တိုက် စာအုပ်ရောင်းပွဲ'ကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ် အနုပညာခန်းမ၌ ဇူလိုင် ၃၀ရက် နံနက် ၉နာရီက စတင်ဖွင့်လှစ် ရောင်းချလျက်ရှိသည်။

''ဒီဈေးရောင်းပွဲတော်ကို ဩဂုတ် ၅ရက်အထိ နေ့စဉ်ရောင်းချသွားမှာဖြစ်ပြီး အဓိကအနေနဲ့ စာဖတ်သူတွေကို တန်ဖိုးရှိတဲ့စာပေတွေ ဈေးသက်သက်သာသာနဲ့ ဖတ်ရှုစေချင်တဲ့ ဆန္ဒနဲ့ပါ။ စာအုပ်အမျိုးအစားပေါင်း ၄၀၀ကျော် ခင်းကျင်းပြသထားပါတယ်''ဟု စိတ်ကူးချိုချို စာအုပ်တိုက်တာဝန်ခံ ကိုဖိုးကျော်က ရှင်းပြသည်။

ဝါသနာအိုးများ

စာအုပ်များ ခင်းကျင်းပြသထားသည့် ခန်းမအတွင်း စာပေဝါသနာရှင်များ ပြည့်ကျပ်နေအောင် လာရောက်ဝယ်ယူ လေ့လာအားပေးနေကြသည်ကို တွေ့ရသည်။ သုတ၊ ရသ၊ ကျန်းမာရေး၊ စီးပွားရေး၊ အသိပညာပေးနှင့် သမိုင်းမှတ်တမ်း စာအုပ်ပေါင်းများစွာကို စနစ်တကျ ခင်းကျင်းပြသထားသည်မှာ စာပေလေ့လာဝယ်ယူသူများအတွက် အနှောင့်အယှက်မဖြစ်အောင် အဆင်ပြေလှသည်။

စည်ကား

စာအုပ်ဈေးပွဲတော်ရက်များအတွင်း စာပေချစ်မြတ်နိုးသည့် ဝယ်သူတစ်ဦးချင်းအတွက် ၁၅ရာခိုင်နှုန်း၊ အရောင်းကိုယ်စားလှယ်များအတွက် ၂၀ ရာခိုင်နှုန်းနှင့် စာကြည့်တိုက်များအတွက် အထူးဈေးနှုန်းများနှင့် ရောင်းချပေးနေသဖြင့် စာအုပ်ဝယ်သူများဖြင့် စည်စည်ကားကား ဖြစ်နေသည်။

အကြိုက်တွေ့

စာအုပ်များကို လေ့လာကြည့်ရာတွင် ဒေါက်တာခင်မောင်ဝင်း၏ ပညာရေးဆိုင်ရာစာအုပ်များ၊ ပီ-အောင်ခင်၏ အင်္ဂလိပ်စကားတွဲကြိယာစာအုပ်များ၊ ကလေးများအတွက် ပုံပြင်စာအုပ်နှင့် တတ်သိလိမ္မာစာအုပ်များ၊ ဆရာပါရဂူ၏ ဟိတောပဒေသ၊ မြသန်းတင့်၏ လူများ၊ သင်္ကရာဇ်များ ဘဝ စာအုပ်တွဲများ၊ ဆရာမောင်ထွန်းသူ၏ ဘာသာပြန်စာအုပ်များ၊ ဒေါက်တာကျော်စိန်၏ စိတ်ပညာ၊ အနုစာပေနှင့် ရသပညာစာအုပ်၊ ဆရာတိုက်စိုး၏ စန္ဒကိန္နရီ၊ ရွှေဥဒေါင်း၏ လူဖြစ်ရကျိုးနပ်ပါစေ စသည့် စာအုပ်များအပြင် တက်တိုး၊ ပီမိုးနင်း၊ ကြည်အေး၊ ဒေါက်တာသန်းထွန်းတို့၏ စာအုပ်ကောင်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေရာ စာချစ်သူများအကြိုက်တွေ့နေခြင်းဖြစ်သည်။

ကာတွန်းလက်ရာဟောင်း

စာအုပ်များ ခင်းကျင်းပြသထားရာ ခန်းမအတွင်း နံရံများ၌ စာအုပ်၊ စာစောင်၊ ကာတွန်း ကာတွန်းပြပွဲအဖြစ် ကာတွန်းဆရာကြီးများဖြစ်သည့် ဦးသန်းကြွယ်၊ ဦးဘဂျမ်း၊ ဦးဘထွေးနှင့် ဆရာမောင်စိန်တို့၏ စာပေနှင့်ပတ်သက်သည့် ကာတွန်းလက်ရာဟောင်းများကို ပြသထားသလို ဇော်မောင်၊ အော်ပီကျယ်၊ ဘငွေးကြည်နှင့် စိုးသော်တာတို့၏ စာပေနှင့် ပတ်သက်သည့် ကာတွန်းလက်ရာများကို စုစုပေါင်း ကာတွန်းပုံ ၅၀ ခန့်ဖြင့် ပြသထားရာ စာအုပ်ပွဲလာ ပရိသတ်အတွက် စိတ်အပန်းဖြေစရာအဖြစ် လေ့လာရမည်ဖြစ်သည်။

ထို့ကြောင့် အသိပညာ တိုးပွားစေမည့် စာအုပ်စာပေများကို ချစ်မြတ်နိုးသည့် စာပေပရိသတ်အတွက် '(၉)နှစ်ပြည့် စိတ်ကူးချိုချိုစာအုပ်တိုက် စာအုပ်ရောင်းပွဲ'သို့ သွားရောက်လေ့လာသင့်ကြပါကြောင်း စာပေသတင်း ဖြန့်ခင်းပေးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စိတ်ကူးချိုချိုစာအုပ်တိုက် စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်လေ့လာ၊ ဖတ်ရှုဝယ်ယူကြသူများကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဘင်္ဂလားပင်လယ်တွင် မုတ်သုံလေအားကောင်းလျက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

ဇူလိုင် ၂၉ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ဖန့်ဝမ်မုန်တိုင်းသည် တစ်နာရီလျှင် ၁၁၉ ကီလိုမီတာနှုန်း တိုက်ခတ်ခဲ့၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုင်း၊ ရုရှားနိုင်ငံတို့တွင်လည်း လေပြင်းများတိုက်၍ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဇူလိုင် ၃၀ရက် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်း ရာသီဥတု၏ဖြစ်စဉ်ကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဇူလိုင် ၃၁ ရက်**(ယနေ့)** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်ပြီး ချင်းပြည်နယ် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းနိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၃၁ ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုး တစ်ကြိမ်နှစ်ကြိမ် ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေအားကောင်း

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဇူလိုင် ၃၀ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ခန္တီး	၃ ဒသမ ၄၆ လက်မ
ကလေးဝ	၂ ဒသမ ၉၅ လက်မ
ဖျာပုံ	၂ ဒသမ ၉၁ လက်မ
စစ်တွေ	၂ ဒသမ ၈၄ လက်မ
ကိုကိုးကျွန်း	၂ ဒသမ ၆၈ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁ ဒသမ ၈၁ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

လော့စ်အိန်ဂျလိစ်မြို့အနီး ငလျင်လှုပ် အဆောက်အအုံအချို့ပျက်စီး

လော့စ်အိန်ဂျလိစ် ဇူလိုင် ၃၀

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ဇူလိုင် ၃၀ရက် ဒေသစံတော်ချိန် နံနက်၁၁နာရီ၄၂မိနစ်က အင်အားရစ်ချ်တာစကေး ၅ဒသမ၈ အင်အားရှိသော မြေငလျင်လှုပ်သွားကြောင်း အမေရိကန်အမျိုးသားငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ ငလျင်လှုပ်မှုကြောင့် လော့စ်အိန်ဂျလိစ်မြို့တောင်ဘက် ဆန်ဒိုင်ရိုမြို့တွင် နေအိမ်နှင့်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း၊ လော့စ်အိန်ဂျလိစ်မြို့တွင်လည်း ထိခိုက်ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ အရာရှိများက ပြောကြားသည်။

ရိုမေးနီးယားအနောက်ပိုင်းဒေသများ မိုးရွာသွန်းမှုနှင့် မြစ်ရေလျှံမှုများဖြစ်ပွား

ဘူခါရက် ဇူလိုင် ၃၀

ရိုမေးနီးယားနိုင်ငံအနောက်ပိုင်းဒေသများတွင် ဇူလိုင်၃၀ရက် နံနက်က မိုးသည်းထန်စွာ ထပ်မံရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း ရိုမေးနီးယားနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ယခင်ရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည့်နေရာဒေသများဖြစ်ရာ ယခုရွာသွန်းသောမိုးကြောင့် နေအိမ် ၅၀၀၀၀ခန့်အထိ ရေနစ်မြုပ်လျက်ရှိကြောင်းသိရသည်။ ရိုမေးနီးယားနိုင်ငံအနောက်ပိုင်းဒေသရှိ ဒီနီစတာနှင့် ပရက်မြစ်များလည်း မြစ်ရေလျှံမှုဖြစ်ပွားရာ အနီးဝန်းကျင်ရှိ ကျေးရွာများလည်း ရေနစ်မြုပ်လျက်ရှိသည်။

သီရိလင်္ကာမြောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိ

ကိုလံဘို ဇူလိုင် ၃၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မြောက်ဘက် မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဇူလိုင် ၃၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ အရာရှိများက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်ခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကျေးရွာသားများ အိပ်ပျော်ချိန် နံနက် ၄နာရီခန့်က ရုတ်တရက် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ တရားတော်များဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့ (ဩဂုတ်၁ရက်) ည၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂါရဝက နိမ့်ဘာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန် ကယ်ရိုလိုင်းနား၌ လေယာဉ်ငယ်ပျက်ကျ

ဝါရှင်တန် ဇူလိုင် ၃၀

အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ် တောင်တန်းဒေသ၌ ဇူလိုင် ၃၀ ရက် ဒေသစံတော်ချိန် ညနေ ၄နာရီ ၁၅ မိနစ်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ နှစ်ဦးစလုံးသေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၄င်းလေယာဉ်သည် အင်ဂျင်နှစ်လုံးတပ် ပီအေ-၂၃လေယာဉ်တစ်စင်းဖြစ်ပြီး အင်ဂျင်ချွတ်ယွင်းကာ တောင်တစ်တောင်နှင့်တိုက်မိခဲ့၍ မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

တူရကီသို့ ခိုးဝင်လာသူများ ကားအတွင်း ၁၃ဦးသေဆုံး

အစ္စတန်ဘူလ် ဇူလိုင် ၃၀

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ပြင်၌ ဇူလိုင် ၃၀ရက် နံနက်က ကွန်တိန်နာကားတစ်စီးအတွင်း သေဆုံးနေသော လူ၁၃ဦးကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။

အဆိုပါ သေဆုံးသူများမှာ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ခိုးဝင်လာသူများဖြစ်ပြီး ကွန်တိန်နာကားအတွင်း စုစုပေါင်း လူ၈၀ ပြွတ်သိပ်သယ်ဆောင်လာရာမှ မွန်းကျပ်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

31-7 (10).pmd 1 2/26/2003, 5:56 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်အကြို

အမျိုးသားကျွမ်းဘားပြိုင်ပွဲ၌ ရေပန်းစားနေသူများ

ပေကျင်း ဇူလိုင် ၃၀

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကျင်းပဖို့ နီးကပ်လာတာနဲ့အမျှ ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ ရွှေတံဆိပ်ရယူနိုင်မှု အနေအထားတွေအပေါ် ထင်ကြေးပေးနေမှုတွေဟာ တဖြည်းဖြည်းနဲ့ ကျယ်ကျယ်လောင်လောင် ဖြစ်လာပါတယ်။

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်ရဲ့ အမျိုးသားကျွမ်းဘားအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ရမယ်လို့ ရေပန်းစားနေတဲ့သူကတော့ တရုတ်ကျွမ်းဘား ကစားသမား ယန်ဝေပဲ ဖြစ်ပါတယ်။ သူနဲ့အပြိုင် တစ်ပြေးနေတဲ့ ကျွမ်းဘားကစားသမားတွေကတော့

ရွှေတံဆိပ်ရမည်ဟု နာမည်ကြီးနေသော ယန်ဝေ။

ဒါပေမယ့် ယန်ဝေကတော့ အရည်အသွေးမြင့်တဲ့ အိုလံပစ်ပြိုင်ပွဲဝင် ကစားသမားတွေဖြစ်တဲ့အတွက် အမြင့်ဆုံးမျှော်လင့်ချက်တွေကို အားလုံးထားရှိ နိုင်ခွင့်ရှိတယ်လို့ ပြောကြားနေပါတယ်။ အသက် ၂၈နှစ် အရွယ်ရှိတဲ့ ယန်ဝေဟာ ပြီးခဲ့တဲ့ ဆစ်ဒနီအိုလံပစ်မှာ အသင်းလိုက်ရော၊ တစ်ဦးချင်းပါ ရွှေတံဆိပ်တွေ ရယူပေးနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် အခုပွဲက အိမ်ရှင်ဖြစ်နေတော့ ဖိစီးမှု အများကြီးရှိနေပါတယ်လို့တော့ ပြောကြားခဲ့ပါတယ်။

နာမည်ကြီးနေ

၂၀၀၈ ပေကျင်းအိုလံပစ်မှာ နာမည်ကြီးနေတဲ့ နောက်ထပ် ကျွမ်းဘားကစားသမား တစ်ဦးကတော့ အမေရိကန် ကျွမ်းဘား အားကစားသမား ပေါလ်ဟမ်းပဲ ဖြစ်ပါတယ်။ ပေါလ်ဟမ်းဟာ ၂၀၀၅ခုနှစ် မေလကတည်းက လက်ပြင်ကျော ဒဏ်ရာရရှိခဲ့ပြီး ပြိုင်ပွဲနဲ့ နှစ်နှစ်ခွဲလောက်ဝေးနေခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။

လျှော့တွက်လို့မရ

ပြီးခဲ့တဲ့ အေသင်အိုလံပစ်ပွဲမှာ ပေါလ်ဟမ်းဟာ လက်ရှိရွှေတံဆိပ်ပိုင်ရှင်တစ်ဦး ဖြစ်ပါတယ်။ အသင်းလိုက်ရော တစ်ဦးချင်းပါ ဘယ်လိုမှ မယှဉ်နိုင်အောင် ပြိုင်ဘက်တွေကို ကျော်ဖြတ်ပြီး အောင်ပွဲခံနိုင်တာမို့ လျှော့တွက်လို့ မရတဲ့သူ ဖြစ်ပါတယ်။

သတ်မှတ်ခြင်းခံရ

အသက် ၂၃နှစ်သာ ရှိသေးတဲ့ ဂျပန်ကျွမ်းဘား ကစားသမား ဟီရိုယူကီတိုမီတာဟာ အာရှကျွမ်းဘားပြိုင်ပွဲတွေမှာ ရွှေတံဆိပ်တွေ ရယူပေးနိုင်ခဲ့တဲ့သူဖြစ်ပြီး လက်ရှိအနေအထားကတော့ ဆုရရှိနိုင်တဲ့ လူငယ်ကျွမ်းဘား ကစားသမားတစ်ဦး ဖြစ်ပါတယ်။ အာရှရဲ့ ကျွမ်းဘားအားကစားလောကမှာ တောက်ပြောင်လာမယ့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်း ခံရသူဖြစ်ပါတယ်။ ဟီရိုယူတိုဟာ ရွှေတံဆိပ်နဲ့အတူ အခြားဆုတွေလည်း သိမ်းကျုံးယူဖို့ အသင့်ဖြစ်နေတဲ့သူ ဖြစ်ပါတယ်။

နာမည်ကြီး ကျွမ်းဘားကစားသမားတွေကတော့ တရုတ် ကျွမ်းဘား ကစားသမား ယန်ဝေ၊ အမေရိကန်က ပေါလ်ဟမ်း၊ ဂျပန်နိုင်ငံက ဟီရိုယူကီနဲ့ ဂျာမနီက ဘာဘီအင်ဟာမ်ဘူချင် တို့ပဲ ဖြစ်၏။

အမေရိကန်က ပေါလ်ဟမ်း၊ ဂျပန်နိုင်ငံက ဟီရိုယူကီနဲ့ ဂျာမနီက ဖာဘီယန် ဟမ်ဘူချင်တို့ပဲ ဖြစ်ပါတယ်။ သူတို့တွေအပြင် ရုရှားနဲ့ ရိုမေနီးယားက ကျွမ်းဘားကစားသမားတွေဟာလည်း နာမည်ကြီးနေတဲ့သူ ဖြစ်ပါတယ်။

အထင်ကြီး

တရုတ် ကျွမ်းဘား ကစားသမား ယန်ဝေကတော့ ပြီးခဲ့တဲ့ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲနှစ်ရပ်စလုံးမှာ ရွှေတံဆိပ်တွေချည်းရယူနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ နောက်ပြီး အာရှကျွမ်းဘား အားကစားသမိုင်းမှာလည်း အောင်မြင်မှုအရှိဆုံး ကစားသမားတစ်ဦးဖြစ်တာမို့ သူပဲ ရွှေတံဆိပ်တွေ သိမ်းကျုံးယူသွားမယ်လို့လည်း တစ်ပေးခံထားရတဲ့ အားကစားသမားလည်းဖြစ်ပါတယ်။

ဂျပန်ကျွမ်းဘားသမား ဟီရိုယူကီ။

အပြောင်မြောက်ဆုံး ကျွမ်းဘား အားကစား သမား

ဂျာမနီနိုင်ငံ၏ အထူးခြားဆုံးနှင့် စွမ်းဆောင်မှု အပြောင်မြောက်ဆုံး ကျွမ်း ဘား အားကစားသမား ဟု သတ်မှတ် ခံထားရသည့် ဖာဘီယန်ဟမ် ဘူ ချင် ၏ လေ့ ကျင့် က စားဟန်။

အသန့်ရှင်းဆုံးယှဉ်ပြိုင်

ဂျာမနီနိုင်ငံရဲ့ အထူးခြားဆုံးနဲ့ အပြောင်မြောက်ဆုံး ကစားသမားတစ်ဦးလို့ သတ်မှတ်ခံထားတဲ့ သူကတော့ ကျွမ်းဘားကစားသမား ဖာဘီယန်ဟမ်ဘူချင်ပဲ ဖြစ်ပါတယ်။ ဖာဘီယန်ဟာ ဥရောပ ကျွမ်းဘားပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရယူထားတဲ့သူ ဖြစ်ပါတယ်။ အခု ပေကျင်းအိုလံပစ်အတွက် အသင့်အနေအထားရှိနေပြီး အသန့်ရှင်းဆုံးယှဉ်ပြိုင်ကာ ရွှေတံဆိပ်ရယူသွားမယ်လို့ ဆိုပါတယ်။

အခုအချိန်မှာတော့ ကျွမ်းဘားအား ကစားဟာ တကယ့်ကို အကြိတ်အနယ် ယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲဝင်တွေချည်းမို့ ကြည့်ကောင်းမယ့်ပွဲအဖြစ် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ရဲ့ ကျွမ်းဘားအားကစားပြိုင်ပွဲမှာ ဘယ်သူတွေ အောင်မြင်မှုရရှိသွားမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-ဆင်ဟွာသတင်းများ

မောင်မောင်မြင့်ဆွေ ရေးသားသည်

စပါးမှ ရော်ဘီကိန်း လီဗာပူးနှင့်စာချုပ်ပြီ

လန်ဒန် ဇူလိုင် ၃၀

အသွင်သစ်ဖြင့်ရှိနေသော လီဗာပူးအသင်းနှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပြီး အန်းဖီးလ်သို့ ရောက်ရှိခဲ့ရခြင်းသည် မိမိအတွက် အိပ်မက်ပမာဖြစ်ကြောင်း ရော်ဘီကိန်းက ပြောကြားလိုက်သည်။

ဆန္ဒရှိ

စပါးအသင်းမှ အသက် ၂၈နှစ်ရှိ ရော်ဘီကိန်းသည် ဇူလိုင်၂၈ရက်တွင် ပြောင်းရွှေ့ကြေး ပေါင် ၂၀ဒသမ၃သန်းဖြင့် ရောက်ရှိလာသူဖြစ်ပြီး လီဗာပူးအသင်းအတွက် အမြဲတမ်းကစားပေးလိုသော ဆန္ဒရှိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဘင်နီတက်ဇ် (ဝဲ)နှင့် ရော်ဘီကိန်း။

မျှော်လင့်

မိမိသည် ငယ်စဉ်ဘဝကတည်းက လီဗာပူး ကစားသမားဖြစ်လာရန် မျှော်လင့်စောင့်စားနေခဲ့ကြောင်း၊ လီဗာပူး အားကစား ဝတ်စုံဝတ်ဆင်ခွင့်ရသည့်အတွက် မိမိတွင် အားပေးသော ပရိသတ်မြောက်မြားစွာ ရှိလာပြီး အိပ်မက်သည် အမှန်တကယ်အကောင်အထည်ဖော်လာပြီ ဖြစ်ကြောင်း၊ လီဗာပူးသို့ ရောက်ရှိခဲ့ခြင်းအတွက် သက်ဆိုင်သူအားလုံးကို ကျေးဇူးတင်ကြောင်း၊ မိမိသည် လီဗာပူးအသင်းကို ခင်တွယ်ပြီး မိမိ၏ အောင်မြင်မှုကို ဆောင်ကြဉ်းပေးမည့် အိပ်မက်လမ်းကြောင်းတစ်ခုဖြစ်ကြောင်း ရော်ဘီကိန်းက ဖွင့်ဟလိုက်သည်။ **(အင်တာနက်)**

ဘင့်တလေအား ရောင်းချရေး ဘလက်ဘန်းနှင့် စပါး ဆွေးနွေး

လန်ဒန် ဇူလိုင် ၃၀

ဒေးဗစ်ဘင့်တလေအား ရောင်းချရန် စပါးအသင်းနှင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဘလက်ဘန်းအသင်းက ဇူလိုင် ၂၉ရက်၌ အတည်ပြုပြောကြားခဲ့သည်။



စပါးက ခေါ်ယူမည့် ဘင့်တလေ။

ထုတ်ဖော်ပြောကြား

သို့သော်လည်း ဘလက်ဘန်းအသင်း၏ အင်္ဂလန် တောင်ပံကစားသမား ဘင့်တလေအား ခေါ်ယူရန် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံရရှိခြင်း မရှိသေးကြောင်း ဘလက်ဘန်းဥက္ကဋ္ဌ ဂျွန်ဝီလျံက ဘီဘီစီသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အသင်းမှထွက်ခွာလို

အသက် ၂၃နှစ်ရှိ ဘင့်တလေသည် ၂၀၀၇ခုနှစ်တွင် အသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုထားသော်လည်း အသင်းမှ ထွက်ခွာလိုသူ ဖြစ်သည်။

ငြင်းဆိုခဲ့

ပြောင်းရွှေ့ကြေး ပေါင် ၁၇သန်းဝန်းကျင်ရှိ ဘင့်တလေအား ယခင်က စပါးနှင့် အက်စ်တွန်ဗီလာအသင်းများက ခေါ်ယူရန် ကမ်းလှမ်းခဲ့မှုများကို ဘလက်ဘန်းအသင်းက ငြင်းဆိုခဲ့ဖူးသည်။ (အင်တာနက်)

ဘင်ဟိန်းအား ခေါ်ယူရေး

မန်စီးတီးနှင့် ချယ်လ်ဆီး ဆွေးနွေး

မန်စီးတီးက ခေါ်ယူမည့် ဘင်ဟိန်း။

လန်ဒန် ဇူလိုင် ၃၀

ချယ်လ်ဆီး ခံစစ်မှူး တယ်လ်ဘင်ဟိန်းအား ခေါ်ယူရေးအတွက် မန်စီးတီးနှင့် ချယ်လ်ဆီးတို့ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း မန်စီးတီးနည်းပြ မာ့ခ်ဟုချ်က အတည်ပြု ပြောကြားခဲ့သည်။

ခံစားရ

ဥရောပအဆင့်နှင့် ပြည်တွင်းအဆင့်တို့တွင် အောင်မြင်မှုရရှိရန် ကစားသမား အင်အားနည်းနေသည်ဟု ခံစားရကြောင်း၊ အသင်းဥက္ကဋ္ဌ ဂါရီကွတ်ခ်နှင့် နောက်ဆက်တွဲစေ့စပ်ဆွေးနွေးမှုများပြီးလျှင် ဘင်ဟိန်းသည် မိမိအသင်းသို့ရောက်ရှိလာပြီး ခံစစ်ကိုအင်အားဖြည့်ပေးနိုင်မည်ဟု မိမိယုံကြည်ကြောင်း ယခင်ဘလက်ဘန်းနည်းပြဟောင်းဖြစ်ပြီး ယခုလက်ရှိ မန်စီးတီးအသင်းအား နည်းပြကိုင်တွယ်နေသူ မာ့ခ်ဟုချ်က ဖွင့်ဟခဲ့သည်။

ယုံကြည်

အစ္စရေး ကစားသမား ဘင်ဟိန်းသည် ဇူလိုင် ၂၉ရက်က မန်ချက်စတာမြို့သို့ ရောက်ရှိကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ယင်းဆွေးနွေးမှု အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း မာ့ခ်ဟုချ်က ဆိုသည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

စင်စင်နာတီမာစတာပလား တင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒဲယား အနိုင်ရရှိ

စင်စင်နာတီ ဇူလိုင် ၃၀

အမေရိကန်နိုင်ငံတွင် ကျင်းပသော စင်စင်နာတီမာစတာ တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်တစ်ရှိ ရော်ဂျာဖက်ဒဲယားသည် နောက်ထပ်ရှုံးနိမ့်မှု၏ ခြောက်လှန့်မှုဒဏ်ကို ခံရမည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့သည်။

ပျက်ပြယ်ခဲ့ရ

ပထမပွဲနှင့် ဒုတိယပွဲတွင် အမေရိကန် တင်းနစ်သမား ဂျီနီပရီသည် ပြိုင်ဘက် ရော်ဂျာဖက်ဒဲယားအား ၇-၆၊ ၆-၅ တို့ဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်းတွင် ဝါသမ္ဘာရင့် ဖက်ဒဲယားက သရေလိုက်ကစားနိုင်မှုကြောင့် ဂျီနီပရီ၏အောင်ပွဲဆင်နိုင်ရေးအိပ်မက် ပျက်ပြယ်ခဲ့ရသည်။

အနိုင်ရရှိသွားသည့် ဖက်ဒဲယား။

နောက်ပိုင်းတွင် ဂျီနီပရီသည် ဝမ်းဗိုက်ဒဏ်ရာခံစားရမှုမှာ ပိုမိုပြင်းထန်လာခဲ့ပြီးနောက် အခြေပျက်လာခဲ့သည်။ တိုရွန်တိုမာစတာတင်းနစ်ပြိုင်ပွဲတွင် ဂီလက်ဆိုင်မွန်အား ရှုံးနိမ့်ခဲ့မှု၏ခြောက်လှန့်မှုကို ခံစားနေရသူ ဖက်ဒဲယား၏ မီးကုန်ယမ်းကုန်ကြိုးစားကစားမှုကြောင့် အဆုံးအဖြတ်ပွဲစဉ်တွင် ဖက်ဒဲယားက ၆-၀ ဖြင့် အနိုင်ရရှိခဲ့သည်။

ရှောင်ရှားနိုင်ခဲ့

ယခုပွဲစဉ်တွင် ဖက်ဒဲယားသည် အကောင်းဆုံး လက်စွမ်းပြ မကစားနိုင်ခဲ့သော်လည်း သူ၏ ကမ္ဘာ့အဆင့်တစ်နေရာအား လုယူရန် ရာဖေးလ်နာဒယ်၏ ခြိမ်းခြောက်မှုဘေးမှ ရှောင်ရှားနိုင်ခဲ့သည်။ **(အင်တာနက်)**

တောင်ဥက္ကလာပ မြို့နယ် (၅)ရပ်ကွက် မိဂဒါဝဟိုမွှာရုံနှင့် မြသိန်းတန်မွှာရုံတို့ တွင်ကျင်းပသော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင် တန်း ဖွင့် ပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ အခမ်းအနားတွင် ဆရာတော် ဦးဇောတိက (သာသနာ့ ရက္ခိတ ကျောင်းဆရာတော်) နှင့်ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့် တို့အား ဦးကျော်စိုး(ရန်ကင်း) ကအလှူငွေပေးအပ်စဉ်။ (ဝ၇၁)

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ စာတော်ပြန်ပွဲ ထာဝရဆွမ်း ပဒေသာပင်အတွက် တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် ဣန္ဒာသယလမ်း အမှတ် ၇၅ နေ အဖ ဦးဝ၊ အမိ ဒေါ်ဖြူဖြူ ကြီးကြီး ဒေါ်စိန်မှင်၊ ဒေါ်လေး ဒေါ်တော တို့အားရည်စူး၍ ဒေါ်ခင်ဝိ၊ ဒေါ်အမာနှင့် ဒေါ်တင်ယုံတို့က အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး ဆူးလေစေတီတော်ရင်ပြင်၊ ပန်းဘဲတန်းမြို့နယ်သို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ အလှူရှင်များကိုယ်စား အသင်း၏ ပြန်ကြားရေးမှူး ဦးသိန်းဟံက ဥက္ကဋ္ဌ ဦးညွန့်စိန် (မဟာသဒ္ဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။

(၁၁၉)

ကွမ်းခြံကုန်းမြို့နယ် ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲနှင့် သုံးခွကျေးရွာလေဘေးသင့်ပြည်သူများ ပစ္စည်းလှူဒါန်းပွဲ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတက်ရောက်

ရန်ကုန် ဇူလိုင် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၂၇ရက်က ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆရာဆရာမများနှင့် ပညာရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ညှိနှိုင်းဆွေးနွေး

တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပညာရေးဆိုင်ရာများကို အသေးစိတ် ညှိနှိုင်းဆွေးနွေးကြပြီး ဝန်ကြီးက ကွမ်းခြံကုန်းမြို့ ပညာရေးကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပံ့ပိုး ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ကွမ်းခြံကုန်း မြို့မဈေးကြီး ပြန်လည်ပြုပြင်တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ အေးရှားဝေါလ်ကုမ္ပဏီဒါရိုက်တာ ဦးသန်းမြင့်နှင့် တာဝန်ရှိသူတို့က မြို့မဈေးကြီးနှင့် ဆက်စပ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးသည် ဈေးကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးရေးတို့ကို မှာကြားသည်။

ရေစက်သွန်းချအမျှဝေ

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် သုံးခွကျေးရွာ ဖလန်းကျောင်းတိုက်သို့သွားရောက်၍ ဝါဆိုသံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဖလန်းကျောင်းဆရာတော် ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

တက်ရောက်အားပေး

ယင်းနောက် ဝန်ကြီးသည် အဆိုပါကျောင်း၌ကျင်းပသော မလေးရှားနိုင်ငံ SBM ကုမ္ပဏီနှင့် ရန်ကုန်မြို့နေ ဦးကိုကိုအောင်နှင့် ဦးအောင်ဇေယျ သူငယ်ချင်းတစ်စုတို့က လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ မုန့်မျိုးစုံနှင့် အိမ်သုံးပစ္စည်းများကို သုံးခွကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း ၅၂၅ စုတို့အား လှူဒါန်းမှုကို တက်ရောက်အားပေးပြီး (ဝဲပုံ)ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံအိမ်ရာ တိုက် ၆ အခန်း ၃၂၂ နေ ဦးကျော်မင်းသော်-ဒေါ်မြကျော့ဇင်၊သမီး မကေဇင်သော်မိသားစုက အလှူငွေကျပ် နှစ်သိန်းပေးအပ်လှူဒါန်းရာ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ်၏ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာဦးသိန်းဆွေ (နေဖြူ)က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ဘီးတပ်ကုလားထိုင်လှူဒါန်း

ရေဦး ဇူလိုင် ၂၇

ရေဦးမြို့ ဗိုလ်အောင်ဇေယျ ရပ်ကွက် အေးရိပ်ငြိမ်လမ်းနေ ကိုခွန်မင်းထွန်း-မဝင်းဝင်းမာ၊ သား မောင်ရဲရင့်ဦး မိသားစုက မိခင်ကြီး ဒေါ်ရွှေမြို့အားရည်စူး၍ ငွေကျပ်တစ်သိန်းရှစ်သောင်းတန် ဘီးတပ်ကုလားထိုင်တစ်လုံးကို ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီက သွားရောက်လှူဒါန်းခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်း၊ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဝင် ဦးမြင့်သိန်းနှင့်သူနာပြုဆရာမ ဒေါ်တင်တင်အုန်းတို့က လက်ခံယူကြပြီး **(ဝဲပုံ)** မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ

တောကိုမှီ၏

ကြီးကြပ်ဆောင်ရွက်ပေး

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် တောင်တွင်းကြီးလမ်းနှင့် မြို့ပတ်လမ်းဆုံနေရာ၌ အဝိုင်းပတ်တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဇူလိုင်၂၇ရက်က အမက ၄ ကမာရွတ်တွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်သီဟသွေးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကမာရွတ် အထက(၂)မိဘဆရာအသင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက တေဇခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အစီအစဉ်အရ မြို့နယ်ပညာရေးမှူး ဦးမောင်ချစ်က ကျောင်းတွင်းစီမံခန့်ခွဲမှုကောင်းသော ဆရာမကြီးနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်မြင့်မားအောင် သင်ကြားပေးသော ဆရာဆရာမများအား ဆုချီးမြှင့်ပြီး ကျောင်းအုပ်ဆရာမကြီးနှင့် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် နာယကနှင့်အမှုဆောင်များ၊ တာဝန်ရှိသူများက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိခဲ့ကြသူများ၊ အတန်းအသီးသီးမှ ဘာသာရပ်ထူးချွန်ဆုရရှိကြသူများနှင့် အဆင့် ၁ မှ အဆင့် ၁၀ ရရှိသူများကို ဆုများ ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

Happy Birthday

ဖေဖေ၊ မေမေတို့၏ ချစ်လှစွာသော သားလေး ကျိုင်းတုံမြို့၊ အထက(၄) သူငယ်တန်းတွင် ပညာသင်ကြားနေသော မောင်သူရမြိုင်၏ ၃၀-၇-၂၀၀၈ရက်တွင် ကျရောက်သော ' ၅ 'နှစ်မြောက် မွေးနေ့မှသည် နှစ်ပေါင်း (၁၂၀)တိုင် ချစ်သော ဖေဖေ၊မေမေ၊မမ တို့နှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်လန်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်-

နှစ်ဖက်သော	-	ဘိုးဘိုး၊ ဘွားဘွားများနှင့်
ချစ်ဖေဖေ	-	ဦးလှမြိုင်
ချစ်မေမေ	-	ဒေါ်လှဲ့လှဲ့ကြည်
ချစ်မမများ	-	အိဖြူလှမြိုင်၊ ချောချော(ခ)ချစ်စန္ဒီကျော်။

ရွှေမှုိက်လေလံကြော်ငြာ

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ပစ္စယာသုံးဆင့်အား ရွှေသင်္ကန်းတော်များ ပြန်လည်ကပ်လှူမည်ဖြစ်ပါ၍ လက်ရှိရွှေမှိုက်များကို ဈေးပြိုင်စနစ်ဖြင့် ပစ္စယာတစ်ဆင့်စီခွဲ၍ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရွှေမှိုက်လေလံဆွဲဝင်လိုသူများသည် လေလံလျှောက်လွှာများကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း၈ရက် (၉-၈-၂၀၀၈ရက်) စနေနေ့ နောက်ဆုံးထား လျှောက်ထားကြရန်နှင့် လေလံပွဲကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၉ရက်(၁၀-၈-၂၀၀၈ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ဂေါပကရုံး၌ ကျင်းပမည်ဖြစ်ပါသည်။ လေလံပွဲအတွက် အသေးစိတ်စည်းကမ်းများကို ရုံးချိန်အတွင်း ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

ရွှေစည်းခုံစေတီတော်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ဖုန်း-၀၆၁-၆၀၈၂၅။

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ် ၁၆၊ တတိယလွှာ(ပွင့်ရွှေလင်း တာယာနှင့်အလှိုင်းဗိုး ရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၄၇၃၃၊ ၅၃၄၈၈၃
Open(AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီးဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန် အဓိကသင်ကြားပေးသည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်အောင်သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရရှိရေးကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းသွင်းထားပါ။

စာရွက်စာတမ်း+	ပ-အရစ် - ကျပ် ၁၅၀၀၀	
လက်တွေ့ အပြီးအစီး >	ဒု-အရစ် - ကျပ် ၁၀၀၀၀	> ကျပ် ၃၅၀၀၀
	တ-အရစ် - ကျပ် ၁၀၀၀၀	

တစ်ကြိမ်အပြီး - ကျပ် ၃၂၀၀၀

(၁)လပြတ် အထူးသင်တန်း

အပတ်စဉ် (၅၁၀) ၆-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section (1)
09:00AM to 12:30PM (16) ဦး
Section (2)
01:30PM to 04:30PM (16) ဦး

(၂) လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၅၁၁) ၇-၈-၂၀၀၈ စမည်။ ကြာသပတေးနေ့နှင့် သောကြာနေ့
အပတ်စဉ် (၅၁၂) ၉-၈-၂၀၀၈ စမည်။ စနေနေ့နှင့် တနင်္ဂနွေနေ့
အပတ်စဉ် (၅၁၃) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာနေ့နှင့် အင်္ဂါနေ့
Section (1)
09:00AM to 12:30PM (16) ဦး
Section (2)
01:30PM to 04:30PM (16) ဦး

(၃) လပြတ် အထူးသင်တန်းများ

အပတ်စဉ် (၅၁၄) ၉-၈-၂၀၀၈ စမည်။ စနေနေ့ တစ်ရက်တည်းသာ။
အပတ်စဉ် (၅၁၅) ၁၀-၈-၂၀၀၈ စမည်။ တနင်္ဂနွေနေ့ တစ်ရက်တည်းသာ။
Section (1)
08:00AM to 12:30PM (16) ဦး
Section (2)
01:30PM to 05:30PM (16) ဦး

(၂)ပတ်အပြီး အထူးသင်တန်း

အပတ်စဉ် (၅၁၆) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
09:00AM to 04:30PM (16) ဦး

(၁) လပြတ် (ညပိုင်း အထူးသင်တန်း)

အပတ်စဉ် (၅၁၇) ၁၁-၈-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့ (နေ့စဉ်)
Section (1)
05:00PM to 07:00PM (16) ဦး
Section (2)
06:00PM to 08:00PM (16) ဦး

လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအမျိုးသမီးအသင်း ဗိုလ်လုပွဲတက်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု သန်းဇော်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၈ခုနှစ်(၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး အလွတ်တန်း ဘောလုံးပြိုင်ပွဲ ပထမ အနိုင်ရခဲ့တယ်ဆိုပေမယ့် တိုက်စစ်မှူးတွေ မကြာခဏ လူကျွံဘောဖြစ်နေတာ၊ အပိုင်ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့တာကတော့ ရန်ကုန်တိုင်းအတွက် အဖွင့်ဂိုးကိုတော့ ၁၈ မိနစ်မှာ မာလာဝင်း ဂိုးရှေ့ဖြတ်ပို့တဲ့ ဘောလုံးကို ရှမ်းပြည်နယ် (တောင်ပိုင်း) နောက်ခံလူ မြင့်မြင့်ခိုင် ဖျက်ထုတ်ရာမှ လမ်းကြောင်းပြောင်းကာ ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့တာဖြစ်ပါတယ်။ ဂိုးရသွားလို့ ရန်ကုန်တို့ ပိုဖိကစားလာနိုင်ပါတယ်။ ရန်ကုန်အတွက် အနိုင်ဂိုးကိုသေချာစေမယ့် ဂိုးတွေကိုတော့ ၃၃ မိနစ်မှာ မာလာဝင်းနဲ့ ၃၉ မိနစ်မှာ သီတာကြည်တို့က ထပ်မံ သွင်းယူခဲ့ပါတယ်။

ဒိုင်းဆု ယူမယ်

'ချန်ပီယံဒိုင်းဆုကြီးကို လေးနှစ်ဆက် တိုက် နဲ့ (၁၀)ကြိမ်မြောက် ရယူနိုင်မှာပါ'

ဦးအောင်မော်သိန်း (လက်ထောက်နည်းပြ၊ ရန်ကုန်တိုင်း)

ဒုတိယပိုင်း

ဒုတိယပိုင်းမှာတော့ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းရဲ့ ကစားပုံဟာ ပထမပိုင်းလောက် မကောင်းတော့ပါဘူး။ ကွင်းလယ်က ဘောလုံးအပျက်များနေတာကြောင့် ကစားကွက်အသာစီးမယူနိုင်တော့ဘဲ ရှမ်းပြည်နယ် (တောင်ပိုင်း)ရဲ့ ဖိအားပေးခြင်းကိုပဲ ခံခဲ့ရပါတယ်။ ပြိုင်ပွဲတစ်လျှောက် ပေးဂိုး မရှိခဲ့တဲ့ ရန်ကုန်တိုင်းဟာ အဲဒီစံချိန်ကို ဆက်ထိန်းနိုင်ဖို့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) တိုက်စစ်မှူးတွေကို အလွတ်မပေးဘဲ ထိန်းကစားခဲ့တာကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်း အခွင့်မသာခဲ့ပါဘူး။ ရန်ကုန်တိုင်းဟာ အလယ်တန်းနဲ့ ရှေ့တန်း ချိတ်ဆက်ရာမှာ လွဲချော်ခဲ့လို့ တိုက်စစ်အားပျော့ခဲ့သလို ရရှိတဲ့ အပိုင် ဂိုးသွင်းခွင့်တွေကိုလည်း အသုံးမချနိုင်ခဲ့တာကြောင့် ဂိုးထပ်မံမရဘဲ ပထမပိုင်းကရလဒ်အတိုင်း ပြီးဆုံးခဲ့ပါတယ်။

ပွဲအပြီးမှာရန်ကုန်တိုင်းအသင်း လက်ထောက်နည်းပြ ဦးအောင်မော်သိန်းက **"ကျွန်တော်တို့အသင်း ဗိုလ်လုပွဲတက် ရောက်နိုင်ခဲ့ပေမယ့် ကစားပုံကို အားမရပါဘူး။ ပြိုင်ပွဲတစ်လျှောက်မှာ ဒီနေ့ကစားတာ အမှားအများဆုံးဖြစ်ပြီး ကစားကွက်လည်း ပျက်နေခဲ့ပါတယ်။ အတွေ့အကြုံနဲ့ တစ်ဦးချင်းပညာသာလို့သာ ကျွန်တော်တို့ အနိုင်ရခဲ့တာပါ။ ဗိုလ်လုပွဲမှာတော့ ဒီပွဲထက်ပိုကောင်းအောင် ကြိုးစားကစားသွားမှာပါ။ ကျွန်တော်တို့အသင်းဟာ ရှေ့လယ်၊နောက် မျှတလို့ အခုအကြိုဗိုလ်လုပွဲပြီးတဲ့အထိ ၇၃ ဂိုး သွင်းထားနိုင်သလို ပေးဂိုးလည်းမရှိသေးပါဘူး။ ချန်ပီယံဒိုင်းဆုကြီးကို လေးနှစ်ဆက်တိုက်နဲ့ (၁၀)ကြိမ်မြောက် ရယူနိုင်မယ်လို့ ယုံကြည်ပါတယ်"**လို့ ပြောကြားသွားခဲ့ပါတယ်။

ဇူလိုင်၃၁ရက် **(ယနေ့)**ညနေ ၃ နာရီမှာ ဒုတိယ အကြိုဗိုလ်လုပွဲအဖြစ် **မန္တလေးတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်း**တို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

အကောင်းဆုံး ဆု

အကောင်းဆုံးဆုရ ငြိမ်းငြိမ်းအိ (ရန်ကုန်တိုင်း)။

(မြန်မာ့အလင်း)

အကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီကအောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိပြီး ဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ပါတယ်။

ရန်ကုန်တိုင်းအသင်း - သုံးဂိုး။
ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း - ဂိုးမရှိ။
အကောင်းဆုံးဆု - ငြိမ်းငြိမ်းအိ (ရန်ကုန်တိုင်း)
ဒိုင်လူကြီး - ဒေါ်အေးအေးမူ

လက်ရှိချန်ပီယံ ရန်ကုန်တိုင်းကတော့ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းကာကွယ်ဖို့ ဗိုလ်လုပွဲဆီကို တက်ရောက်သွားပြီဖြစ်ပါတယ်။ ရန်ကုန်တိုင်းအသင်းဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို ဂိုးပြတ်အနိုင်ရခဲ့တယ် ဆိုပေမယ့် ခြေစွမ်းကတော့ အကောင်းဆုံး အနေအထားမှာ မရှိခဲ့ပါဘူး။ ဒီနေ့ပွဲမှာ ချီးကျူးရမှာက ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုပဲ ဖြစ်ပါတယ်။ ကိုယ့်ထက် အစစအရာရာ သာလွန်ကောင်းမွန်တဲ့ ရန်ကုန်တိုင်းကို အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်နဲ့ ပွဲချိန်ပြည့်ကြိုးစားယှဉ်ပြိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

ခက်ခဲ

ရန်ကုန်တိုင်းဟာ ဂိုးပြတ်တိုင်းကို ယခင်ပွဲတွေထက် ဂိုးရဖို့ ပိုမိုခက်ခဲစေခဲ့တယ်။ ရန်ကုန်တိုင်း နောက်တန်းကို အခုပွဲမှာ ဒုက္ခပေးတာကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) တိုက်စစ်က သီတာအောင်နဲ့ နန်းသန်းဝင်းတို့ဖြစ်ပြီး သူတို့နဲ့ တွဲကစားနိုင်မယ့်သူ နောက်နှစ်ဦးလောက်ပါရင် ရှမ်းပြည်နယ် (တောင်ပိုင်း)တိုက်စစ်ဟာ ဒီထက်ပိုအသက်ဝင်လာနိုင်ပါတယ်။ လက်ရွေးစင်ဟောင်း သီတာကြည်၊ မာလာဝင်းနဲ့ ငြိမ်းငြိမ်းအိ ဦးဆောင်လာတဲ့ ရန်ကုန်တိုင်း အသင်းဟာ ပွဲစကစားကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ရှမ်းပြည်နယ် (တောင်ပိုင်း)ကလည်း စိတ်ဓာတ်အပြည့်နဲ့ ကြိုးစားကစားခဲ့တာကြောင့် ပွဲဟာတစ်ဖက်သတ် မဖြစ်ဘဲ အပြန်အလှန်ရှိခဲ့ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) နောက်ခံလူတွေဟာ သီတာကြည်နဲ့ မာလာဝင်းကို အလယ်တန်းလူတွေနဲ့ ချိတ်ဆက်လို့ မရအောင်ဖျက်ထုတ်နိုင်ခဲ့တာကြောင့် ရန်ကုန်တိုင်းဟာ ဂိုးရဖို့အားပိုထည့်ခဲ့ရပါတယ်။

လူငယ်အများစုနဲ့ ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)ဟာ အပေးအယူ အချိတ်အဆက် မိမိနဲ့ ရန်ကုန်ဘက်ကို ထိုးဖောက်ကစားနိုင်ပေမယ့် ရန်ကုန်ဂိုးဧရိယာအတွင်းမှာ တစ်ဦးကောင်းသာ ထိုးဖောက်နေရလို့ အရာမထင်ခဲ့ပါဘူး။

ထိုးဖောက်

ရန်ကုန်တိုင်း တိုက်စစ်မှူး မာလာဝင်း ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း နောက်တန်းကို ထိုးဖောက်စဉ်။

(မြန်မာ့အလင်း)

ဗဟန်း မင်္ဂလာဈေးမွှာရုံ တရားပွဲ

ရန်ကုန် ဇူလိုင် ၃၀

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးမွှာရုံတွင် ဝါတွင်းအထူးတရားပွဲများကို ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၃၁ရက်တွင် ဒေါက်တာအရှင်ကိတ္တိဗလ (BA.MA. Ph.D.သီတဂူပါမောက္ခ)နှင့် ဩဂုတ်၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ [အဂ္ဂမဟာပဏ္ဍိတ (D.Litt, Ph.D)]တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ရာ မည်သူမဆို တရားနာကြွရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ်
ဝါဆိုလပြည့်ကျော် ၁၄ ရက်
(အဖိတ်နေ့)
၃၁-၇-၂၀၀၈ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အကပဒေသာ
၇:၅၀	၅။	အတီးပြိုင်ပွဲ
၈:၀၀	၆။	ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား (အုန်းတော)
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	ကြေးမုံရိပ်သွင် တေးနုယဉ်
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၀	၃။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄:၃၀	၄။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက-၄၊ စမ်းချောင်း] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၅၀	၅။	တေးဂီတအစီအစဉ်
၅:၀၀	၆။	အကပြိုင်ပွဲ
၅:၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅	၈။	**ငှက်တစ်သောင်း** ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီ စိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့် (ဒါရိုက်တာ-မောင်သီ)
၅:၃၀	၉။	တေးဂီတအစီအစဉ်
၅:၄၀	၁၀။	ကြယ်ပွင့်များရဲ့ရှင်ခုန်သံ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၃၀	၁၂။	မိုးလေဝသအခြေအနေ
၆:၃၅	၁၃။	ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၆:၅၅	၁၄။	မူဟန်သွယ်သွယ် ဆိုကြမယ်
၇:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၁၇)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၁၅)
	၂၁။	အစီအစဉ်ပြီး၏။

မင်္ဂလာကုမ္ပဏီလီမိတက်
အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်
ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃
ပြည်တွင်း၌သာခန့်ထားရန်

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးတို့ကို ကုမ္ပဏီမှ စရိတ်ငြိမ်း စီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) မန်နေဂျာ၊ ဒု-မန်နေဂျာ — ကျား(၅)ဦး
- အသက် ၃၀ မှ ၄၅ နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လက်ထောက်မန်နေဂျာ(စီမံ/ကြီးကြပ်) (ပြသ) — ကျား/မ(၆)ဦး
- အသက် ၂၅ နှစ်မှ ၄၀ အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်လေအေးစက်၊ ပြစက် — ကျား(၆)ဦး
- အသက် ၄၅ နှစ်အောက်ဖြစ်ရမည်။
- A.G.T.I (MP), (E.P), (E.C)၊ စက်မှုလက်မှု အထက်တန်းကျောင်းမှ လျှပ်စစ်လေအေးစက်ဘာသာရပ်၊ Electrical သို့မဟုတ် Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း — ကျား/မ(၁၀)ဦး
- အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို၊အပျို)ဖြစ်ရမည်။

(င) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား(၁၀)ဦး
- အသက် ၂၀ မှ ၄၅ နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် ဖြစ်ရမည်။
- စစ်မှုထမ်းဟောင်း သို့မဟုတ် ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(စ) သန့်ရှင်းရေး — ကျား/မ(၁၀)ဦး
- အသက် ၂၅ နှစ်အောက် ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို၊အပျို) ဖြစ်ရမည်။

(ဆ) ထမင်းချက်ဝန်ထမ်း — မ(၄)ဦး
- အသက် ၂၃ နှစ်မှ ၄၅ နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဇ) ယာဉ်မောင်း (Driver) — ကျား(၃)ဦး
- အသက် ၂၃ နှစ်မှ ၄၀ အတွင်း ဖြစ်ရမည်။
- အခြေခံပညာ အလယ်တန်းအဆင့် ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်သူ၊ မျက်မှန်တပ်သူ မဖြစ်စေရ။
- အိမ်ထောင်မရှိသူ(လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး(Office Secretary) — ကျား/မ (၄)ဦး
- အသက်၂၁နှစ် မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှု ရှိရမည်။
- အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ် ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) စကားပြန် (Interpreter) — ကျား/မ (၃)ဦး
- အသက်၂၃ နှစ်မှ ၅၀ အတွင်း ဖြစ်ရမည်။
- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အင်္ဂလိပ် သို့မဟုတ်၊ တရုတ် သို့မဟုတ်၊ ထိုင်းကျွမ်းကျင်စွာ ဘာသာပြန်ဆိုနိုင်သူ ဖြစ်ရမည်။

(ဂ) ကွန်ပျူတာ ကျွမ်းကျင်သူ — ကျား/မ (၃)ဦး
- အသက် ၂၁ နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာ ကျွမ်းကျင်မှုရှိရမည်။

(ဃ) စာရင်းကိုင်/ စာရင်းစစ် — ကျား/မ (၆)ဦး
- အသက် ၂၁ နှစ်မှ ၄၀ အတွင်း ဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။ သို့မဟုတ် CPA,DA,LCCI-III တစ်ခုခု အောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ် ရပြီးသူဖြစ်ရမည်။

(င) Hotel Receptionist — ကျား(၂)ဦး
- အသက် ၂၁ နှစ်မှ ၃၅ နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူဖြစ်ရမည်။

(စ) Hotel Waiter — ကျား(၃)ဦး
- အသက် ၂၀ မှ ၃၀ အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။

(ဆ) Hotel Cook/Assistant Cook — ကျား(၂)ဦး
- အသက် ၂၂ နှစ်မှ ၄၀ အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၈-၈-၂၀၀၈ရက် နောက်ဆုံးထား၍ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်း အောင်လက်မှတ် မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာရုံးခန်း မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊ သိမ်ကြီးဈေး(D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ **(စနေနေ့နှင့် တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။) (ယခင် လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)**

မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ Receptionist၊ Waiter၊ Cook၊ စာရင်းကိုင်၊ ကွန်ပျူတာ ဝန်ထမ်းလျှောက်ထားသူများအား ၉-၈-၂၀၀၈ရက် (စနေနေ့) နံနက်၁၀နာရီတွင်လည်းကောင်း။

လ/ထမန်နေဂျာ၊ တန်းပြ၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း၊ ထမင်းချက်၊ သန့်ရှင်းရေး၊ ဘာသာပြန်ဝန်ထမ်းလျှောက်ထားသူများအား ၁၀-၈-၂၀၀၈ရက် (တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ)





ဝယ်လိုသည်
ပင်လယ်ရေထွက် ခရုခွံမျိုးစုံဝယ်လိုသည်။

ဆက်သွယ်ရန်-
ဂန္ဓမာ ကနကမာ
ကုန်ထုတ်သမအသင်း။
ဖုန်း-၅၅၉၀၀၆၊၅၀၁၂၇၆။



ပျောက်ဆုံးခြင်း
ကျွန်မ မသီတာဦး ကိုင်ဆောင်သော နိုင်ငံကူးစာအုပ် အမှတ်-၈၆၃၁၉၇ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၂၀၃၅၂၄။**

ဝယ်လိုသည်
CNG ဒိုင်နာ ၁၄ပေ သို့မဟုတ် ၁၆ပေ ကား ဝယ်လိုသည်။
ဆက်သွယ်ရန်- နံနက် ၉ နာရီမှ ညနေ ၅ နာရီ၊ ရုံးချိန်အတွင်း ဖုန်း-၀၉-၈၅၉၁၈၈၃။



တက္ကစီကား အမြန်ရောင်းမည်
Nissan Stanza အမျိုးအစား ၀/လေးထောင်ကျော်၊ CNG တက္ကစီကား (တည့်ဈေးနှင့်အမြန်ဆုံးရောင်းမည်) ပွဲစားမလို။
ဆက်သွယ်ရန်- ဖုန်း-၀၉၅၀-၅၉၇၅၄။

ခရမ်းမြို့ သံဃဒါန အရဏ်ဆွမ်းလောင်းလှူပွဲ ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် (၇၅)ကြိမ်မြောက် (စိန်ရတုနှစ်) သံဃဒါန ဆွမ်းလောင်းပွဲကို ဇူလိုင်၃ရက်မှ နိုဝင်ဘာ၂၃ရက်အထိ အလှူရှင် ၁၄၃ဦးတို့က မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၇ကျောင်းမှ သံဃာတော် ၈၇၉ပါးတို့အား နေ့စဉ် အရဏ်ဆွမ်းလောင်းလှူလျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

(၇၆)ကြိမ်မြောက် အရဏ်ဆွမ်းလောင်းလှူပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် နာယကဆရာတော် ဖုန်း-၀၅၆-၃၀၀၃၇နှင့် မြို့နယ်အရဏ်ဆွမ်းလောင်း အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြဝိုင်း ဖုန်း-၀၅၆-၃၀၂၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ဆေးဖျန်း

ဝေါ ဇူလိုင် ၃၀

မိုးတွင်းကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ပဲခူးတိုင်း ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ဝင်းတို့ ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၁၃ရက်က ဝေါမြို့မ ချမ်းမြသာစည်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါသည် အေဒီး(စ်) ခြင်ကျား အကိုက်ခံရမှုကြောင့်ဖြစ်ပွား ခြင်အကိုက်မခံရစေရန် ကြိုတင်ကာကွယ်တားဆီးမှသာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်မည်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း- အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု - ကျော့မောင်မောင်

ရန်ကုန် ဇူလိုင် ၃၀

သွေးလွန်တုပ်ကွေး ရောဂါသည် ခြင်ကိုက်ခြင်းမှတစ်ဆင့် ဖြစ်ပွားသော ရောဂါဖြစ်သည်။ ခြင်အကိုက် မခံရစေရန် ကြိုတင်ကာကွယ်တားဆီးမှသာလျှင် သွေးလွန်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည် ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်တွင် ရပ်ကွက်လုံးကျွတ်အိမ်တိုင်းစေ့ ပိုးလောက်လမ်းကို သေစေနိုင်သော (ABATE) အဘိတ် (ခေါ်) (တဲမီဖော့စ်အက်စ်ဂျီ ၁ ရာခိုင်နှုန်း) TEMEPHOS ပိုးလောက်လမ်း သတ်ဆေးများ လိုက်လံ ခတ်ပေးမည်ဆိုသော သတင်း ကြားသိရ၍ သတင်းသွားရောက် ယူခဲ့သည်။

သပြေကုန်းရပ်ကွက်အတွင်း အိမ်တိုင်းစေ့ ရေစည်၊ ရေအိုးများအား ပိုးလောက်လမ်း သတ်ဆေး(အဘိတ်)ခတ်ပေးရန် စေတနာ့ဝန်ထမ်း လူမှုရေး အဖွဲ့အစည်းများက ဤသို့ ပူးပေါင်း ပါဝင်ကူညီခဲ့ကြသည်။

ဆောင်ရွက်

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မြို့နယ်ကျန်းမာရေး ကော်မတီမှ ဦးဆောင်ကာဆောင်ရွက်ခြင်းပင်ဖြစ်သည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးတာဝန်ခံများ၊ အသင်းဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ အရန်မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုဝေးရောက်ရှိနေကြပြီး ဖြစ်သည်။ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ ဒဂုံ (အရှေ့)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သဃ်န်းကျွန်း၊ မြောက်ဥက္ကလာပ ခြောက်မြို့နယ်တွင် တစ်ပြိုင်တည်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ရှင်းလင်းပြောကြား

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဥမ္မာမြင့်အား မြန်မာ့အလင်းကတွေ့ဆုံ၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြင့် ဆောင်ရွက်ရခြင်းကို မေးမြန်းရာ **''သွေးလွန်တုပ်ကွေး ရောဂါသည် ရောဂါပိုးရှိသော အေဒီး(စ်) (AEDES)ခြင်ကျား အကိုက်ခံရမှုကြောင့်ဖြစ်ပွားသော တုပ်ကွေးရောဂါ** တစ်မျိုးဖြစ်ကြောင်း ရန်ကုန်တိုင်း ၄၄ မြို့နယ်တွင် (ကိုကိုးကျွန်းမပါ)၊ မင်္ဂလာတောင်ညွန့်မြို့နယ်သည် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှု အဆင့် ၂၀တွင် ရှိနေကြောင်း၊ ရပ်ကွက်ပေါင်း ၂၀၊ လူဦးရေ ၁၂၂၃၁၅ ဦးရှိပြီး ၁၅ နှစ်အောက် ကလေး ၄၁၂၁၃ ဦးရှိကြောင်း၊ ယခု ၂၀၀၈ ခုနှစ်တွင် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ကလေးငယ်ပေါင်း ၃၄ ဦးရှိပြီး ၂၀၀၇ ခုနှစ်က ဖြစ်ပွားသူ ၄၇ ဦးရှိခဲ့ရာ ဖြစ်ပွားမှု လျော့နည်းလာသည် ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေး ရောဂါသည် ၁၅ နှစ်အောက် ကလေးများကို အဓိက အန္တရာယ်ပြုသည့် ရောဂါဖြစ်သော်လည်း ယခုအခါ လူကြီးများပါ ဖြစ်ပွားပြီး အန္တရာယ်ရှိလာပြီဖြစ်ကြောင်း၊ မိုးရာသီမှသာမဟုတ် ၁၂ လရာသီစလုံး ဖြစ်လာနိုင်ကြောင်း၊ ယခု ပိုးလောက်လမ်းသတ်ဆေး (အဘိတ်)ကို အိမ်၊ အိမ်ခန်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ စာသင်ကျောင်း အပါအဝင် ၃၀၀၀ ကျော်ရှိရာ သပြေကုန်း ရပ်ကွက်အား အဖွဲ့၄၇ဖွဲ့ဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ စုပေါင်းပါဝင်ကာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ အထပ်မြင့် အဆောက်အအုံများအပါအဝင် အိမ်တိုင်းစေ့ ရေစည်၊ ရေအိုး၊ ရေလှောင်ကန်များထဲသို့ ထည့်သွင်း ဆေးခတ်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါ ပြန့်ပွားမှုကို ကာကွယ်နိုင်ပြီး ၂၅ ကီလိုဂရမ် ဆေးပုံး ၁၆ ပုံး၊ ကာလတန်ဖိုးငွေကျပ် ၃၂ သိန်းခန့် အသုံးပြုသွားမည်ဖြစ်ကြောင်း''ဖြင့် ရှင်းလင်းပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနက လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ဆောင်ရွက်နေပါတယ်။

ဒေါက်တာဥမ္မာမြင့်
မြို့နယ်ဆရာဝန်ကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်။

ဆောင်ရွက်

ဆက်လက်၍ **''မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ဆောင်စေခြင်း၊ ကျန်းမာရေး ဟောပြောပွဲများကျင်းပခြင်း၊ လက်တွေ့ပြုလုပ်ခြင်း၊ ပိုးလောက်လမ်းစာငါးများ ထည့်ပေးခြင်းတို့ကို အပတ်စဉ် ဗုဒ္ဓဟူးသောကြာ၊ စနေနေ့များတွင်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စည်ပင်သာယာရေး ဝန်ထမ်းများနှင့်တွဲဖက်၍ စနေ၊ တနင်္ဂနွေ(ကျောင်းပိတ်ရက်)များတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း ၃၀၊ မူကြိုကျောင်းနှင့် နေ့ကလေး** ထိန်းကျောင်းများသို့ မီးခိုးမှုတ်စက်များ အသုံးပြု၍လည်းကောင်း၊ မြို့နယ်ကျန်းမာရေးကြီးကြပ်မှု ကော်မတီမှ အပတ်စဉ် ကြာသပတေးနေ့တိုင်း ကျန်းမာရေး ကော်မတီအစည်းအဝေးကျင်းပ၍ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး လမ်းရပ်ကွက်အတွင်း လိုက်လံနှိုးဆော် အသိပေးခြင်းတို့ကို လမ်း ညွှန်မှုများပြုလုပ် ခြင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းသို့ ပြုလုပ်ဆောင်ရွက် ပြီးတိုင်း ရက်သတ္တနှစ်ပတ်ကြာတွင် ပြန်လည် စိစစ်ခြင်း ပြုလုပ်ပေးလျက်ရှိသဖြင့် ရပ်ကွက် ပြည်သူများကလည်း တစ်ဦးချင်း ဖြစ်စေ၊ စေတနာ့ဝန်ထမ်း အဖွဲ့ဖြင့်ဖြစ်စေ၊ ပူးပေါင်းပါဝင် ဆောင်ရွက် လာပါက သီးသန့် ကုထုံးမရှိသော သွေးလွန် တုပ်ကွေး ရောဂါကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း'' မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဥမ္မာမြင့်ကရှင်းလင်းပြောကြား သွားခဲ့ပါသည်။ ။ (မြန်မာ့အလင်း)

သွေးလွန်တုပ်ကွေးရောဂါသည် ၁၅ နှစ်အောက် ကလေးများကို အဓိကအန္တရာယ်ပြုသည့်ရောဂါဖြစ်သော်လည်း ယခုအခါ လူကြီးများပါ ဖြစ်ပွား၊ မိုးရာသီမှသာမဟုတ် ၁၂ လ ရာသီစလုံး ဖြစ်လာနိုင်။

ပိုးလောက်လမ်းသတ်ဆေး (အဘိတ်)ကို အိမ်၊ အိမ်ခန်း၊ တည်းခိုခန်း၊ စားသောက်ဆိုင်၊ စာသင်ကျောင်း အပါအဝင် ၃၀၀၀ကျော်ရှိရာ သပြေကုန်းရပ်ကွက်အား အဖွဲ့ ၄၇ ဖွဲ့ ဖြင့် အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ စုပေါင်းပါဝင်ကာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ အထပ်မြင့် အဆောက်အအုံ များအပါအဝင် အိမ်တိုင်းစေ့ ရေစည်၊ ရေအိုး၊ ရေလှောင် ကန်များထဲသို့ ထည့်သွင်းဆေးခတ်ခြင်းဖြင့် သွေးလွန်တုပ်ကွေး ရောဂါပြန့်ပွားမှုကို ကာကွယ်နိုင်။

ရေစည်များအတွင်း ပိုးလောက်လမ်းသတ်ဆေးများ ဤသို့ ထည့်သွင်းဆောင်ရွက်ပေးခဲ့သည်။

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဂန့်ကော်မြိုင်လမ်း ကျောက်ချောခင်းရန်အတွက် ကျောက်စုဆောင်းမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးအောင်သန်းဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းဘေးများတွင် မြို့သာယာလှပရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုကို ဇွန် ၁၀ ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံ သာသနာ့ရိပ်သာ၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၂၇ရက်က ကျင်းပရာ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘနထံ ရွှေသံလွင်ကုမ္ပဏီမှ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီဒေါ်နီက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကလွီ - ဒရယ်လမ်း ကျောက်ချောခင်း

ချောင်းဆုံ ဇူလိုင် ၁၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများအနက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ကလွီ-ဒရယ်လမ်း ကျောက်ချောခင်းမှုအခြေအနေကို ဇူလိုင် ၅ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က လမ်းအရည်အသွေးပြည့်မီရေးနှင့် ရေရှည်တည်တံ့ရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေး ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်က ကျင်းပရာ ဒေဝသာဂရ သိမ်ကုန်း ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္တကထံ ဈေးသာယာရေးအဖွဲ့နှင့် ဈေးသူ ဈေးသားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၃)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်

ရန်ကုန် ဇူလိုင် ၂၉

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၂၃ရက် (စနေနေ့) ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ရက်တွင် ရွှေတိဂုံစေတီတော်ကြီး မြောက်ဘက်မုခ်အနီး အာဇာနည်လမ်းမပေါ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်လျက်ရှိသော မအူပင်မြို့နယ်ဖွား ဆရာတော်ကြီး ၁၉ပါးတို့အား သင်္ကန်း၊ဝတ္ထုငွေနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မအူပင် မြို့နယ်သူမြို့နယ်သားများ၊ စေတနာရှင်များနှင့် အသင်းဝင်မိသားစုများသည် သင်္ကန်းဒွိစုံ၊ အလှူငွေ၊ ဆွမ်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း ၀၉-၅၁-၁၉၄၁၀၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိန်မင်း (သချ်ာပါမောက္ခ၊ငြိမ်း) ဖုန်း- ၃၇၁၆၇၂၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ရီ ဖုန်း- ၅၁၀၆၂၄၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၃၈၅၀၇၈၊ ၀၉-၅၀-၀၈၀၃၆၊ အမှုဆောင်များဖြစ်သည့် ဦးထိုက်စီ ဖုန်း-၀၉-၅၀-၀၈၆၂၊ ၂၉၇၈၁၄၊ ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃၊ ၅၆၅၅၇၀နှင့် ဦးသိန်းငွေ ဖုန်း-၀၉-၅၁-၉၁၆၅၅နှင့် ၂၅၂၀၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြသာယာလှပရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ရက်က တောင်ပြင်(၂) ရပ်ကွက် ပုဏ္ဏဝတီလမ်းဝဲယာ မြေယာအလှ ပြုပြင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမောင်ဝင်း ဦးဆောင်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖိုင်ဘာမိလ္လာပုံးများ တပ်ဆင်အသုံးပြုနည်း ရှင်းလင်းပြသ

ညောင်ရွှေ ဇူလိုင် ၁၀

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်းလေးကန်အတွင်း ရေထုညစ်ညမ်းမှုမှကာကွယ်ရန်နှင့် အင်းလေးဒေသနေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော မိလ္လာစွန့်ပစ်မှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဇွန် ၁၄ရက်က ဇီဝဩဇာအသုံးပြုသော ဖိုင်ဘာမိလ္လာပုံးများ တပ်ဆင်အသုံးပြုနည်းကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် အင်ဂျင်နီယာများက ကြေးစားကုန်း(မြောက်)ကျေးရွာနေပြည်သူများအား ရေထုညစ်ညမ်းမှုမှ ကာကွယ်ရန် ရှင်းလင်းပြသကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**



ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဇူလိုင် ၅ ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေရရှိရေးအတွက် ရေစုကန်ရေစက်ရုံမှ ရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၁၆)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဟိုပန်မြို့၌ကျင်းပ ကျပန်းစကားပြော ပြိုင်ပွဲဆုရသူများ ဆုပေးအပ်ချီးမြှင့်

ဟိုပန် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်၃ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဒေါ်မာလာဝင်းက အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သီတာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲသို့ မြို့နယ် ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်၍ ၂၀၀၇ခုနှစ်တွင် ဒုတိယဆုရသည့် မတီနန်းငယ်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သီတာကလည်းကောင်း၊ ၂၀၀၈ခုနှစ် ပြည်နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲဝင်ပထမဆု (သက်ငယ်ဆင့်)ရသည့် မဖန်နူးနူးကို အဖွဲ့ဝင် ဒေါ်စန္ဒာကလည်းကောင်း**(ယာပုံ)**ဂုဏ်ပြုဆုများချီးမြှင့်ပေးကြသည့်အပြင် စေတနာရှင် မြို့နယ်ပညာရေးမှူး ဒေါ်အင်(န်) ဂျီးတောင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးနေဝင်းနှင့် မြို့နယ်လဝကမှူး ဦးမောင်မောင်ဦးတို့က ဆုငွေများ ထပ်မံချီးမြှင့်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မူဆယ်မြို့၌ အရိပ်ရသစ်ပင်စိုက်

မူဆယ် ဇူလိုင် ၁၆

မူဆယ်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဇွန် ၃၀ရက်က မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်ဟန်တို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ လုံခန်ကျေးရွာတွင် အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝက်ကြီးအင်းကျေးရွာ ခေမင်္ဂသိမ် ဘုရားလမ်း ကန်ကာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ပွင့်ဖြူစည်ပင် နှင်းဆီလမ်း ဂဝံခင်း

ရန်ကုန် ဇူလိုင် ၃၀

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော နှင်းဆီလမ်း ဂဝံလမ်းခင်းခြင်းကို ဇွန် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းတပ်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

မင်းတပ် ဇူလိုင် ၂၂

မင်းတပ်မြို့ ဘဝသစ်ရပ်ကွက် မင်းတပ်-မတူပီကားလမ်းမကြီး လမ်းဘေးတစ်လျှောက် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် စိန်တံချူပင်၊ ဘိုကတော် မျက်ခုံးပင်၊ စက္ကူပန်းပင်၊ ကြေးနီရွက်လှပင်နှင့် ပန်းအိပင်များကို ဇူလိုင်၁၀ရက်က မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးအောင်ထွန်းလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆွေးအုပ်တို့ ကြီးကြပ်ဆောင်ရွက်သည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ကြီးနားမြို့မဈေး အလေးချိန်ခွင်မှန်ကန်ရေး ကွင်းဆင်းဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)၊ အမှတ်(၂) ဈေးနှင့် ကမ်းနားဈေးများ စည်းကမ်းနှင့်ညီညွတ်သော ဈေးကြီးများဖြစ်စေရန် ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန်၂၇ရက်က ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ရွှယ်ဂျာနှင့်ဝန်ထမ်းများဈေးကြီးအတွင်း အလေးတင်းတောင်းချိန်ခွင်များ စစ်ဆေးခြင်း၊ အိမ်သုံးဆားရောင်းချသော ဆိုင်များတွင် အိုင်အိုဒင်းဆား ပါဝင်မှုရှိမရှိ စစ်ဆေးခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သော ကျုံပျော်မြို့ ဘုရင့်နောင်လမ်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဇူလိုင် ၁ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



THREE FRIENDS CONSTRUCTION CO., LTD.

Modern Furniture (MDF,Ply,Chip,Teak) Composite Rollershutter (Home Renovation) Architectural Design (PAE)

Laminated Floor ♦ Wall Paper ♦ Plaster Board ♦ Plaster Cornice ♦ Gypsum Board...

44A(1) 01-201478, 294884, 298341, 299947, 390683, 09-50 11443, 09-51 54853

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်တင်မျိုးလွင် ၁၄/ကလန(နိုင်)၀၈၁၈၃၇နှင့် ကျွန်မ မနီလာနွယ် ၁၂/အစန(နိုင်)၁၆၇၅၅၀ တို့သည် ကျိုက်လတ်မြို့ တရားရုံးတွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်တင်မျိုးလွင် - မနီလာနွယ်။

စိတ်ကူးချိုချိုစာအုပ်တိုက်စာအုပ်ရောင်းပွဲ

ရွှေပညာသင်တန်း

15% OFF

Tel:546800 Ext: 310, 09-515 8813

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၆

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

ကားရောင်းမည် စက်မှုဇုန် MiNi Truck ၇ခ/ခြောက်ထောင်ကျော် Sunny Engine Oneset ဆေးအသစ် အခွန်ကျေ Paker အမိုး။

ဖုန်း-၀၉-၅၁-၉၁၆၅၁။

ဖန်းမေးမေခင်

(၀၁)0951.50153

စာကိုစနစ်တကျသင်လိုပါသလား
(၅တန်းမှ တက္ကသိုလ်ဝင်တန်း)

နှစ်(၂၀)အတွေ့အကြုံ
အမှတ်ပေးစည်းမျဉ်းနှင့်အညီ
နားလည်လွယ်ကူသော
သင်ကြားမှု
အမှတ်(၇)၊ သုံးလွှာ၊
ဇောတိကလမ်း၊
ကျောက်မြောင်း။
ဖုန်း-၇၂၅၇၈၃။

အမည်ပြောင်း

အဖ ဦးမောင်ဝင်း(ခ)ဦးစံညွန့်၏ သားဖြစ်သူ စစ်တွေမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း(D)တွင် ပညာသင်ကြားနေသောမောင်အောင်မျိုးဟန်အား မောင်အောင်ကောင်းခန့်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းခန့်။**

TEST

Electronic Training

အီလက်ထရွန်နစ် ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများ သာလာခဲ့ပါ။

ဖုန်း-၀၉-၅၀-၄၆၅၂၂။



ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဇွန်၂၀ ရက်က ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဝါတွင်း အထူး ၁၀ရက် တရားစခန်းပွဲ

ညောင်တုန်း ဇူလိုင် ၁၆

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ နာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်းပြည်ပ သာသနာပြု သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ B.Sc (Phy.) အရှင်သူမြတ်သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်၆၅တွင် ဝါခေါင်လဆန်း ၁၅ရက်မှ လပြည့်ကျော် ၉ရက် (ဩဂုတ် ၁၆ရက် မှ ၂၅ရက်) အထိ ကျင်းပမည့် အထူး ၁၀ရက် တရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အမြို့မြို့ အနယ်နယ် သတင်းများ

မြေပုံမြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှဆောင်ရွက်နေမှုကို ဇူလိုင် ၇ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြည့်ရှုစစ်ဆေး

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းမတော်လမ်း ကျောက်ချောခင်းမည့်နေရာကို ဇူလိုင် ၁၃ရက်က အမှုဆောင်အရာရှိ ဦးစောသိန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘုရားကြီးပိုင်းရပ်ကွက် ၄လမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ကွန်ကရစ်မြွန်တည်ဆောက်မှုကို ဇူလိုင်၂ရက်က အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၀၅၀)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဇူလိုင် ၂၉ ရက်က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ပေးထားသော လူနေအိမ်များကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဒေသစိမ်းလန်းစိုပြည်ရေး၊ နွေစပါးနှင့် အခြားသီးနှံ လယ်ဧက ၂၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် မင်းကန်ရေလှောင်တမံ မြိုင်မြို့နယ်၌ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၃၀

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူတည်ဆောက်ပြီးစီးသည့် မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် မင်းကန်ကျေးရွာအနီးရှိ မင်းကန် ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပခုက္ကူခရိုင်နှင့် မြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူဦးကြီးများနှင့် ဘင်ခရာပန်းဖွား အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

လေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် World Vision (Myanmar) မှ Advisor, Mr. Kieran Scott က လေဘေးသင့်ဒေသ ပြည်သူများအသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၂၃၉၀၀ တန်ဖိုးရှိ ဘက်ထရီသုံး ရေသန့်စင်စက် အလုံး ၇၀ ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်နှင့် ပြင်ပလူနာဌာန ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ လာရောက်ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**